# မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေး

## မြန်မာနိုင်ငံ အစီရင်ခံစာ

ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်



ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ ပါဝင်သည်။

LANDMINE & CLUSTER MUNITION
MONITOR

# အစီရင်ခံစာအကြောင်း

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့် ကြည့် လေ့လာရေးအဖွဲ့ သည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်း အဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့ အလုံးစုံ (ICBL) ... ကမ္ဘာ့ အဂုမ်းလူသတ်မိုင်းများ ရှင်းလင်း ပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၀) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း ပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ် ဆုရခဲ့သည်။ ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက် များကြောင့် အသိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့ အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့ သည် ၁၉၉၇ခုနှစ် အိုတာဝါ သဘောတူစာချုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တား မြစ်ခြင်း သဘောတူစာချုပ်အား အကောင် အထည်ဖော်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့ သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ် အကောင် အထည်ဖော်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာ သည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ့ အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၂ နိုင်ငံက မြေမြှုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၉ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါ အချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်း စစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်း ဖြစ်သည်။ မိမိတို့ အစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမိုထင်သာမြင်သာဖြစ်လာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက်ရည်ရွယ် သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်း ကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်း အချက်အလက်များအတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။

၂၀၁၅ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်း အားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။ ယခုအကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန် အတွက်လည်း တောင်းဆိုလိုက်ပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်းအချက်အလက် များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံ။ မြေမြှုပ်မိုင်းကြောင့်ထိခိုက်ဒဏ်ရာဖြင့် အသက်ရှင်ကျန်ရစ်သူ ဦးကျော်ခင် ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့ သူ၏အိမ်တွင်ရှိနေအိမ်တွင် ရှိနေစဉ်။ ၂၀၁၄ခုနှစ် တောထဲတွင် ဦးကျော်ခင် ဟင်းစားရှာထွက်စဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ တောတွင်းဟင်းစာရှာထွက်ခြင်းသည် မြန်မာနိုင်ငံအတွင်း မိုင်းကြောင့် ထိခိုက်နစ်နာခဲ့ရသူများအတွက် မူလအရင်းခံအကြောင်း ဖြစ်လာ သည်။ ဓါတ်ပုံအား David Doyle ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

မြန်မာနိုင်ငံမြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့် ကြည့် လေ့လာရေးအဖွဲ့

www.the-monitor.org | www.burma.icbl.org

International Campaign to Ban Landmines

၁၉၉၇ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်

## မိုင်းအသုံးပြုမှု တားမြစ်ခြင်း မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကို သဘောတူလက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1] မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို ထောက်ခံကြောင်း ဖေါ်ပြပြောဆိုသော်လည်း လက်ခံကျင့်သုံးရန်အတွက် တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးပေ။

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေး ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လွှတ်တော်သို့တင်ပြရာတွင် တပ်မတော်သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေဆဲဖြစ်ပါသည်ဟု ပြောဆိုခဲ့သည်။[2] တချိန်တည်းတွင် "အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း မြေမြှုပ်မိုင်းအသုံးပြုနေသည်ဟူသောအချက်ကို ငြင်းမရနိုင်ကြောင်း နှင့် အထူးသဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ဖြစ်ကြောင်း" ရှမ်းပြည်နယ်မှ လွှတ်တော်အမတ်တစ်ဦးကလည်း ပြောကြားခဲ့သည်။[3]

မကြာသေးကာလဖြစ်သော ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီး ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေကြောင်းနှင့် မြန်မာအစိုးရသည် မြေမြှုပ်မိုင်း အသုံးပြုခြင်း မရှိတော့ကြောင်း ထုတ်ဖေါ်ပြောဆိုခဲ့သည်။[4] သို့သော် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အရှေ့တောင် အာရှနိုင်ငံများအသင်း ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတဦးသိန်းစိန်က "မိမိကိုယ်ကို ခုခံကာကွယ်ရေးနှင့် လူထု အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် မိမိတို့သည် မြေမြှုပ်မိုင်းများအား ခုခံကာကွယ်ခြင်း နည်းလမ်းတခုအဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်နေသေးသည်" ဟု ပြောဆိုခဲ့သည်။[5]

၂၀၁၆ ခုနှစ် ဖွန်လတွင် အာဏာရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်တစ်ဦးက မြေမြှုပ်မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းကို၎င်းတို့ပါတီ၏မူဝါဒတွင်ထောက်ခံပါကြောင်း စောင့်ကြည့်လေ့လာရေး အဖွဲ့သို့ ပြောကြားခဲ့သည်။ ယခင်ကတည်းက ထိုမူဝါဒနှင့်ပတ်သက်၍ ကတိကဝတ်ပြုပြီးဖြစ်သည့် အားလျော်စွာ ထိုကတိကို ဆက်လက်ကိုင်ဆွဲထားမည်ဟု သူက မှတ်ချက်ပြုခဲ့သည်။[6]

မြန်မာနိုင်ငံသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသော်လည်း ၂၀၀၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်များအပါအဝင် မြေမြှုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်မေလ နှင့် ၂၀၁၄ ခုနှစ် ဧပြီလ ဂျနီဗာမြို့တွင် ကျင်းပခဲ့သော လုပ်ငန်းကဏ္ဍစုံအစည်းအဝေးများသို့ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် ဖွန်လတွင် ကျင်းပသော တတိယ အကြိမ်မြောက်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ မှ ဒီဇင်ဘာအထိ ဂျနီဗာတွင် ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏ ၁၄ ကြိမ်မြောက်အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခြင်း မရှိခဲ့ပေ။ ၂၀၁၆

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်း

[2] ထူးသန့်။"တပ်မတော်က၎င်းသည်မြေမြှုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

[3] ibid.

[4] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonn အား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်း ပြောခဲ့ခြင်း ဖြစ်သည်။ "မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။

[5] အစိုးရသတင်းစာပါ သမ္မတမိန့်ခွန်း "Establishment of ASEAN Community is not ultimate goal of ASEAN but a milestone towards stable, peaceful and prosperous region," *New Light of Myanmar*(p16) ,19 November 2012. http://www.burmalibrary.org/docs14/NLM2012-11-19.pdf

[6] Monitor NLD နာယကကြီး ဦးတင်ဦးနှင့်အင်တာဗျူး။ ရုံးချုပ်၊ ရန်ကုန်၊ ၂၀၁၆ ဖွန် ၆

ခုနှစ်မေလ၊ဂျနီဗာတွင် ကျင်းပသော ကဏ္ဍစုံအစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအခြေအနေနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကိုယ်စားလှယ်က ICBL သို့ ရှင်းလင်းပြောပြခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သော တနိုင်ငံလုံးအပစ်အခတ် ရပ်စဲ ရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးသူအဖွဲ့အစည်းများသည် "မိုင်းအသုံးပြုခြင်း ကို ရပ်တန့်ရန်" နှင့် "မြေမြှုပ်မိုင်းအားလုံးရှင်းလင်းရေးလုပ်ငန်းစဉ် ပူးပေါင်းပါဝင်ရန်။" ဟု ဖော်ပြထား သည်။ [7] (အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ အသုံးပြုမှုတွင်ရှု။ အောက်တွင် ဖော်ပြထားသည်။) ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ရွေးချယ်တင်မြှောက်ခံရသော အရပ်သား အစိုးရသစ် သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေသော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိနောက်ထပ် သဘောတူညီချက်များ ရယူနိုင်ခြင်း မရှိသေးပေ။

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ (UNGA) ၏ ဆုံးဖြတ်ချက်အမှတ် ၇၀/၅၅ မဲဆန္ဒပေးမှုတွင် မဲမပေးကြားနေနိုင်ငံ ၁၇ နိုင်ငံတွင် တစ်နိုင်ငံဖြစ်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ပုံမှန်တောင်းဆိုလာခဲ့သော ဆုံးဖြတ်ချက်ဖြစ်သည့် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို ကမ္ဘာအဝှမ်းလွှမ်းခြုံရေးအတွက် တောင်းဆိုခဲ့သည်။

မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်ကို သဘောတူလက်ခံမည့် ဥပဒေပြုမှုကို မည်သည့် နိုင်ငံရေးပါတီကမှ ဦးဆောင်တင်ပြခဲ့ခြင်းမရှိသော်လည်း ၂၀၁၅ ခုနှစ် ဖွန်လတွင် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေကို အတည်ပြုပေးခဲ့သည်။ [8]

၂၀၁၆ ခုနှစ် ဧပြီလတွင် UNICEF၊ လူသားချင်းစာနာသောမိုင်းအရေးအားထုတ်မှုအဖွဲ့ နှင့် အခြား အဖွဲ့အစည်းများသည် မိုင်းအသိပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများနိုင်ငံတကာနေ့ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ UNICEF နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ထိုအခမ်းအနားတွင် အစိုးရ အား မြေမြှုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်ကို လက်ခံကျင့်သုံးရန် တောင်းဆိုခဲ့ကြသည်။[9] အစိုးရပိုင်သတင်းစာသည် ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မိုင်းအရေး ဆောင်ရွက်ခြင်းနေ့ သတင်းစကားကို ဖော်ပြပေးခဲ့သည်။[10]

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်ဆိုင်းရေးလှုပ်ရှားမှု၏ ၂၀၁၅ ခုနှစ် မြေမြှုပ်မိုင်းအသုံးပြုမြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာကို ရန်ကုန်မြို့တွင် သတင်းစာရှင်းလင်းပွဲနှင့်အတူ ထုတ်ဝေခဲ့

---

[7] ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဖက်မူကြမ်းရေးဆွဲရေးအဖွဲ့များက သဘောတူခဲ့သော NCA (မူကြမ်း) အရ အခန်း (၃)၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ အချက် ၅ (က)တွင် "နှစ်ဖက်စလုံးသည် အောက်ပါအချက်များကို ရပ်ဆိုင်းရန် သဘောတူသည်...မြေမြှုပ်မိုင်းထောင်ခြင်း..."အခန်း (၅) (ခ)တွင် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုးတက်မှုများရှိလာသည်နှင့် နှစ်ဖက်တပ်များထောင်ထားသောမြေမြှုပ်မိုင်းများရှင်းလင်းခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် နှစ်ဖက်စလုံးက သဘောတူသည်။ မြေမြှုပ်မိုင်းရှင်းခြင်းနှစ်ဖက်အားထုတ်မှုများကို အစိုးရအဆင့်ဆင့်ဖြင့်နီးနီးကပ်ကပ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်။ ပိုမိုလေ့လာလိုပါက မိုင်းကင်းစင်ရေးမြန်မာနိုင်ငံ "မိုင်းအသုံးပြုမှုပိတ်ပင်ခြင်းနှင့် တနိုင်ငံလုံးအပစ်ရပ်စဲရေးလုပ်ငန်းစဉ်။" ၁၁ ဩဂုတ် ၂၀၁၅။

[8] မသန်းစွမ်းသူများ အခွင့်အရေးဥပဒေ-ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၃၀/၂၀၁၅။ရှု-"မြေမြှုပ်မိုင်းထိသူ၏အခွင့်အရေးများကို မသန်စွမ်းသူများအခွင့်အရေးဥပဒေတွင် ထည့်သွင်းသင့်သည်။" မြန်မာ့အလင်း။ ၁၆ ဖွန် ၂၀၁၄။ စာ၁။ ၁ ဖေ ၂၀၁၃၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်တွင် အမတ်နေရာတချို့အနိုင်ရခဲ့သော အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (NDF) ဥက္ကဌက NDF အနေနှင့် လွန်ခဲ့သောနှစ်က လွှတ်တော်အာဂျင်တာတွင် မြေမြှုပ်မိုင်းကိစ္စ ဆွေးနွေးရန် တင်ပြခဲ့သော်လည်း ၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းအထိ လွှတ်တော်အတွင်းရေးမှူးအဖွဲ့ထံတွင်သာ ရှိနေသေးပြီး ဆွေးနွေးမည့်အကြောင်းအရာတွင် မပါဝင်သေးကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။" ICBL Country Profile: Myanmar/Burma: Mine Ban Policy," 30 October 2014. တွင် ကြည့်ပါ။

[9] မိုးမြင့်။ "မြန်ာမနိုင်ငံတွင်မြေမြှုပ်မိုင်းအသုံးပြုမှုရပ်တန့်ရန်အစိုးရသစ်ကတိုက်တွန်း။ Irrawaddy, 5 April 2016.

[10] "UN Secretary General's message on the International Day For Mine Awareness and Assistance in Mine Action," Global New Light of Myanmar, 4 April 2016.

သည်။ [11] မိုင်းအသုံးပြုမှုရပ်ဆိုင်းရေးလှုပ်ရှားမှုက မြန်မာဘာသာဖြင့် ရေးသားထားသော ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ ၂၀၀၀ ကျော်ကို ဖြန့်ချီခဲ့သည်။

မိုင်းအသုံးပြုမှုရပ်တန့်ရန်၊မိုင်းများ ရှင်းလင်းရန် လူထု၏ တောင်းဆိုမှုသည် မြန်မာနိုင်ငံတွင် ပို၍ ခပ်စိတ်စိတ်တွေ့လာနေရသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့သူမြို့သားများက တပ်မတော်၊ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်များထံသို့ တရားဝင်စာများပေးပို့ကာ ၂၀၁၆ နှစ် ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း မြို့နယ်အနီး တဝိုက် ထောင်ထားသော မြေမြှုပ်မိုင်း ပြန်လည်ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြသည်ဟု သိရသည်။ တစုံတရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပေ။၂၀၁၆ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်လူထုအခြေပြု အဖွဲ့အစည်းများဖိုရမ် အစည်းအဝေးကြီးက ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် လက်နက်ကိုင်တိုက်ပွဲများ ရပ်တန့်ရေးအတွက် တောင်းဆိုခဲ့ကြသည်။[12] ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ဆင်ဘိုမြို့သူမြို့သား တစ်ထောင်ကျော်က ၎င်းတို့ဒေသအတွင်း မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့ရမှုများအတွက် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ [13]

## မိုင်းအသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံဒေသအနံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရ မဟုတ် သော တပ်ဖွဲ့များ၏ လူသတ်မိုင်းအသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ ယခု အစီရင်ခံစာရေးသားစဉ်ကာလအတွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရရှိသော သတင်းအချက်အလက်များအရ မိုင်းအသစ်အသုံးပြုမှု သိသိသာသာ ကျဆင်းလာသည့်ပုံစံကိုမြင်တွေ့ရသည်။

၂၀၁၆ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က " ပြည်သူများ ထိခိုက်ဒဏ်ရာရ၊ သေဆုံးရခြင်းများ ဖြစ်ပေါ်စေသော မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုခြင်း အစီရင်ခံစာများအပေါ် အထူးစိုးရိမ်ရကြောင်း၊" ပြောဆိုခဲ့သည်။[14] ၂၀၁၆ ခုနှစ် ဧပြီလတွင် ထုတ်ဝေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံ စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသော ကလေးစုစုပေါင်း၏ ထက်ဝက်မှာ မြေမြှုပ်မိုင်းနှင့် စစ်ပွဲအတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့်ဟုဖော်ပြထားသည်။[15]

### *အစိုးရတပ်ဖွဲ့များ*

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ဒုတိယကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တပ်မတော်သည် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခအတွင်း မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေရကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။[16] ထိုလွှတ်တော်အစည်းအဝေးမှာပင် "အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း

---

[11] "၂၀၁၄ မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာ ထုတ်ဝေခြင်းနှင့် သတင်းစာရှင်းလင်းပွဲ" ၂၉ ဒီ။ ရန်ကုန်၊ သတင်းစာရှင်းလင်းပွဲနှင့် မေးဖြေအသံဖိုင်လင့် ရှိသည်။

[12] "Local residents call for removal of landmines in Kutkai," Global New Light of Myanmar, 3 March 2016; and ငြိမ်းငြိမ်း, "Ethnic Civilians Demand End to Army Abuses in Shan State," Irrawaddy, 2 March 2016.`

[13] "Sinbo residents protest landmines as death toll rises," Eleven Myanmar, 27 September 2016.

[14] UNGA, "Situation of human rights in Myanmar," A/31/71, 18 March 2016, p. 13, para. 57.

15 "Report of the Secretary-General on children and armed conflict in Myanmar," A/70/836–S/2016/360, 20 April 2016, p. 18, para. 103.

[16] ထူးသန့်။"တပ်မတော်က၎င်းသည်မြေမြှုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

မြေမြှုပ်မိုင်းအသုံးပြုနေသည်ဟူသော အချက်ကို ငြင်းမရနိုင်ကြောင်း နှင့် အထူးသဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ဖြစ်ကြောင်း" ရှမ်းပြည်နယ်မှ လွှတ်တော်အမတ်တစ်ဦးကလည်း ပြောကြားခဲ့သည်။[17]

၂၀၁၅ခုနှစ် အောက်တိုဘာလတွင် အစိုးရစစ်သားများသည် ၎င်းတို့တပ်စခန်းအနီး မြေမြှုပ်မိုင်းများ ထောင်ခဲ့သဖြင့် အရပ်သားများ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဒေသခံပြည်သူများက စွတ်စွဲပြောဆိုခဲ့သည်။ ရှမ်းသူပုန်များနှင့် တိုက်ပွဲများဖြစ်အပြီး မိုင်းများထောင်ခဲ့ခြင်းဖြစ်သည်ဟု ရွာသားများက ပြောဆိုခဲ့သည်။[18] ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် မြန်မာအစိုးရ စစ်သားများသည် ရွာသားများကို မိုးမောက်မြို့နယ်အတွင်းရှိ ရေဗ္ဗတန်း နေရာသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုနေရာသိုပြန်မလာရန်နှင့်မိုင်းများထောင်ထားကြောင်း စစ်သားများက ရွာသားများကို သတိပေးခဲ့သည်။[19] ၂၀၁၆ ခုနှစ်ဩဂုတ်လတွင် တပ်မတော်က ၎င်းတို့သည် ၂၀၁၅ ခုနှစ်အတွင်း ထိုနေရာတွင် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့ကြောင်း သတိပေးခဲ့သည်ဟု မိုးကောင်းမြို့နယ်မှ ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးက ပြောဆိုခဲ့သည်။[20] ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် တရုတ်အရာရှိတစ်ဦး တရုတ်-မြန်မာနယ်စ်အနီး မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် တရုတ်အစိုးရက ကန့်ကွက်ခဲ့သည်။ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ တိုက်ပွဲဖြစ်စဉ်အတွင်း မြုပ်နှံခဲ့သည့် မိုင်းဖြစ်ပုံရသည်။ သို့သော် မိုင်းထောင်သူ မည်သူမည်သူ ဖြစ်သည်ကိုတော့ မသိရပေ။[21] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာတပ်မတော် နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့အကြား လှိုင်းဘွဲ့မြို့နယ်အနီး တိုက်ပွဲဖြစ်စဉ် မိုင်းထောင်ခဲ့သည်။ မည်သည့်တပ်ဖွဲ့က မိုင်းထောင်ခဲ့သည်ကိုတော့ တိတိကျကျ မသိရပေ။ [22]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု။* [23]

၂၀၁၁ ခုနှစ်မှစ၍ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုသည့်နောက်ပိုင်းတွင် နိုင်ငံအဝှမ်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနီးပါးနှင့် အစည်းအဝေးပွဲပေါင်းများစွာ ကျင်းပခဲ့သည်။ မြေမြှုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းလိုအပ်ချက်များကို အစည်းအဝေး ပေါင်းများစွာတွင် ထုတ်ဖေါ်ဆွေးနွေးခဲ့သည်။. [24]

တနိုင်ငံလုံးအပစ်အခပ်ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသော အဖွဲ့အစည်းများသည် " မိုင်းထောင် ခြင်းကို အဆုံးသတ်ရမည်။" နှင့် "မြေမြှုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်မည်။" ဟု ဖေါ်ပြထားသည်။[25] ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA

---

[17] Ibid.

[18] "Killing, disappearance, land-mine death during Burma Army offensive in central Shan State," ရှမ်းသတင်းစဉ်၊ ၂၀၁၅ ဒီဇင်ဘာ ၂၈။

[19] Monitor ကချင်ပြည်နယ်အတွင်း စစ်ဘေးဒဏ်သင့်လူမှုအသိုင်းအဝန်းအတွက် ကူညီပေးနေသောလူသားချင်းစာနာသောအဖွဲ့အစည်းများနှင့်အင်တာဗျူး။ ရန်ကုန်။ ၉ နှင့် ၁၃ အောက်တိုဘာ ၂၀၁၅။ အမည်မဖေါ်ရန် တောင်းဆို။

[20] "Villagers Killed By Landmine," Burma News International, 8 August 2016.

[21] Guy Dinmore နှင့် ဝလုံး, "China protests after landmine injures official," မြန်မာတိုင်းမ်စ်, ၆ ဖန်နဝါရီ ၂၀၁၆.

[22] "Landmine kills Kayin village head," Eleven Myanmar, 17 September 2016.

[23] ၁၉၉၉ ခုနှစ်မှစ၍အနည်းဆုံးလက်နက်ကိုင်၁၇ဖွဲ့သည့် လူသတ်မိုင်းများအသုံးပြုသည်။ သို့သော်တချို့အဖွဲ့များသည် မရှိတော့သည့် အပြင် မိုင်းအသုံးပြုခြင်းလည်း မရှိတော့ပါ။

[24] နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonn အား အထက်ပါအတိုင်း ပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ် ဖနွမ်းပင်တွင် ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း အလွတ် သဘောတွေ့ဆုံခြင်း။ "'"မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင် ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ခြင်း သဘောတူ စာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်း သဘောတူစာချုပ် အကောင်အထည်ဖေါ်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

[25] ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဖက်မူကြမ်းရေးဆွဲရေးအဖွဲ့များမှ သဘောတူခဲ့သော NCA မူအကြမ်းအရ အခန်း (၃) အပစ်အခတ် ရပ်စဲရေးနှင့် သက်ဆိုင်သောကိစ္စရပ်များ။ အချက် (၅)(က)တွင် "အောက်ဖေါ်ပြပါလုပ်ငန်းများရပ်တန့်ရန် နှစ်ဖက်စလုံးမှသဘောတူသည်။ ...မြေမြှုပ်မိုင်း ထောင်ခြင်း"အခန်း(၅)

ကို ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၊ ပအိုဝ့်အမျိုးသား လွတ်မြောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ချင်းအမျိုးသားတပ်ဦး စသည့် တိုင်းရင်းသား လက်နက်ကိုင် (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။[26] အဓိက လက်နက်ကိုင်အဖွဲ့အစည်းတော်တော်များများသည် သဘောတူ ညီချက်တွင် ပါဝင်ခြင်း မရှိသေးပေ။

၂၀၁၅ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ၂၀၁၆ ခုနှစ် နှစ်တဝက်အထိ ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းက လူသတ်မိုင်းများအသုံးပြုခြင်းကို တဖက်သတ်စွန့်လွှတ်မည်ဟု ကမ်းလှမ်းခဲ့ခြင်း မရှိပေ။[27]

၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် KIA နှင့် TNLA အဖွဲ့များသည် ကွတ်ခိုင်မြို့အနီး မြေမြှုပ်မိုင်းများထောင်ခဲ့သည်ဟု ကွတ်ခိုင်မြို့နယ် ဒေသခံပြည်သူများက စွတ်စွဲပြောဆိုခဲ့သည်။ [28] TNLA က ၎င်းတို့အနေဖြင့် မိုင်းအသုံးပြုခြင်းကို ရှောင်ကြဉ်မည်ဟု ယခင်က ပြောဆိုခဲ့ဖူးသည်။[29] ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အစိုးရ သတင်းစာက မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)သည် လောက်ကိုင်မြို့တွင် မိုင်းထောင်ခဲ့သည်ဟု ဖေါ်ပြခဲ့သည်[30] ကချင်ပြည်နယ်နှင့် စစ်ကိုင်းနယ်စပ်အနီး ကျေးရွာစုတွင်နေထိုင်သော ဒေသခံလူပ်ရှားတက်ကြွသူ တစ်ဦးက KIA ထောင်သော မိုင်းကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရသည့်အပြင် လယ်သမား ၁၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ပြောဆိုခဲ့သည်။ [31]

၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလတွင် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့မှ စစ်ရှာင်ပြည်သူများသည် ရှမ်းပြည်တောင်ပိုင်း တပ်မတော် (RCSS) က ၎င်းတို့ရွာအတွင်းမိုင်းထောင်သည်ဟု ပြောဆိုခဲ့သည်။ [32] ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် TNLA သည် မိုင်းထောင်သဖြင့် ၎င်းတို့ အဖွဲ့အတွင်းမှ တချို့ ဒဏ်ရာရခဲ့သည်ဟု RCSS/SSA အတွက် ပေါ်တာ လုပ်ပေးခဲ့ရသည့် အရပ်သားပြည်သူများက ပြောဆိုခဲ့သည်။[33] ၂၀၁၆ ခုနှစ်အတွင်း TNLA၊ RCSS/SSA၊ SSPP/SSA နှင့် တပ်မတော်တပ်ဖွဲ့များအကြား တိုက်ပွဲများအပြီးတွင် မိုင်းများရှာဖွေတွေ့ခဲ့သည်ဟူသော သတင်းပေးပို့ချက် များစွာ

(c) တွင်"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်လာသည်နှင့်အမျှ နှစ်ဖက်စလုံးက ထောင်ထားသော မြေမြှုပ်မိုင်းများ ရှင်းလင်း ခြင်းလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရန် သဘောတူသည်။မြေမြှုပ်မိုင်းရှင်းလင်းခြင်းပရောဂျက်များအတွက် နှစ်ဖက်အားထုတ်ချက်များကို အစိုးရ အဆင့်တိုင်းတွင် အနီးကပ်အကြံပြုဆွေးနွေးခြင်းမှတဆင့် ဆောင်ရွက်သင့်သည်။ "ပိုမိုသိရှိလိုပါကမိုင်းကင်းစင်ရေး မြန်မာနိုင်ငံ။" မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းနှင့်အမျိုးသားအပစ်အခတ်ရပ်စဲရေလုပ်ငန်းစဉ်။"၁၁ ဩဂုတ် ၂၀၁၅။

[26] "ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။"မြန်မာ့အလင်း။ ၁၆အောက်တိုဘ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံရေးအဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ RCSS တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLOတွင် ပအိုဝ့်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် CNF တွင် ကချင်အမျိုးသား တပ်မတော်တို့ဖြစ်သည်။ ကျန်၂ဖွဲ့သည်တပ်နှင့်နိုင်ငံရေးအမည်တူညီသည်။

[27] ဆွစ်NGOတခုဖြစ်သောGeneva Callမှစီစဉ်သောကတိကဝတ်ပြုမှုသဝဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင်လက်နက်ကိုင် အဖွဲ့များ သည်နှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကိုတဖက်သတ်စွန့်လွှတ်ခဲ့သည်။ ၂၀၁၆ခုနှစ်ဇူလိုင်တွင် ချင်းအမျိုးသားတပ်မတော်က စွန့်လွှတ်ရန်ကြေငြာခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူ ဒီမိုကရက် တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့် PPLO/ ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဇွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

[28] "Local residents call for removal of landmines in Kutkai," Global New Light of Myanmar, 3 March 2016; and ငြိမ်းငြိမ်း, "Ethnic Civilians Demand End to Army Abuses in Shan State," Irrawaddy, 2 March 2016.`

[29] TNLA သည် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)၏ စစ်ရေးလက်တံဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် Geneva Call နှင့် ကတိကဝတ်စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ Geneva Call သည် TNLA သည်မိုင်းများအသုံးပြုနေသည်ဟူသော စွတ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းမှုများပြုလုပ်နေဆဲဖြစ်သည်။ Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.ကိုကြည့်။

[30] "Rebel group launches attacks at Laukkai," Global New Light of Myanmar, 29 November 2015.

[31] "Kachin landmines kill 11 last year," Eleven Myanmar, 31 January 2016.

[32] မောင်ဇော်, "RCSS faces landmine claims," Myanmar Times, 18 February 2016.

[33] သူသူအောင် "One dead, seven hurt in Shan State landmine blast," Myanmar Times, 7 July 2016.

ရှိခဲ့သော်လည်း မည်သူ့တွင် တာဝန်ရှိသည်ကိုတော့ ဖော်ပြခြင်းမရှိပေ။[34] ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် KIA က ၂၀၁၅ခုနှစ်အတွင်း ထိုဒေသတဝိုက် ၎င်းတို့ မြေမြုပ်မိုင်းများ ထောင်ထားခဲ့ကြောင်း သတိပေးခဲ့သည်ဟု မိုးကောင်းမြို့ သင်းအုပ်ဆရာတော်တစ်ပါးက ပြောဆိုခဲ့သည်။[35] ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA) ခွဲထွက်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့များအကြား လှိုင်းဘွဲ့မြို့အနီး တိုက်ပွဲဖြစ်စဉ် မိုင်းများထောင်ခဲ့သည်။ မည်သည့်အဖွဲ့က မြေမြုပ်မိုင်းထောင်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။[36]

၂၀၁၆ ခုနှစ် ဧပြီလတွင် ပဲခူးတိုင်းဒေသကြီး မိုးအင်းမြို့ရှိ ရွာသားတစ်ဦးက KNLA သည် သစ်ခုတ်လုပ်ကွက်တဝိုက် မိုင်းထောင်ခဲ့သည်ဟု ပြောဆိုခဲ့သည်။[37] ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် KNLA ရွှေမိုင်း လုပ်ကွက်အနီး ဒေသအတွင်း မဝင်လာရန် KNLA မှ စိုက်ထူထားသော သတိပေးဆိုင်းဘုတ်များ မြင်တွေ့ခဲ့ပြီး၊နှုတ်ဖြင့် သတိပေးခံရသည်ဟု မုံးမြို့နေ ပြည်သူတစ်ဦးကပြောဆိုခဲ့သည်။[38] ၂၀၁၆ ခုနှစ် ဧပြီလတွင် တပ်မတော်သည် KIA ထောင်ထားသော မိုင်းကြောင့် တစ်ဦး ဒဏ်ရာရခဲ့သည်။ ရက်အတိအကျမသိရပေ။ [39]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ ကာကွယ်ရေးနှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[40] မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းမရှိသော်လည်း ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အကန့်အသတ်ဖြင့် ဆက်လက်ထုတ်လုပ်နေကြောင်း အတည်ပြုပြောကြားသည်။[41] ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားအမည်မသိ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူ အသုံးပြုမှု ရှိသည်ဟု မြေမြုပ်မိုင်း အသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံတင်ပြခဲ့ဖူးသည်။[42]မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်းမရှိချေ။[43]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

---

[34] ဥပမာကိုကြည့်, "Villager and daughter injured by landmine in Hsipaw," Burma News International, 22 July 2016.

[35] "Villagers Killed By Landmine," Burma News International, 8 August 2016.

[36] "Landmine kills Kayin village head," Eleven Myanmar, 17 September 2016.

[37] ကရင်လူ့အခွင့်အရေးအဖွဲ့, "Nyaunglebin Situation Update: Mone Township, April to May 2016," August 2016.

[38] ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့သို့ ပေးပို့အပြင်သို့ မထုတ်ပြန်သည့်သတင်း။ ၅ စက်တင်ဘာ ၂၀၁၆

[39] "Burma Army Launches Attacks Across Kachin State," Free Burma Rangers Report, 29 April 2016.

[40] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

[41] ထူးသန့်။"တပ်မတော်က၎င်းသည်မြေမြုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

[42] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

[43] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် တို့သည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။ KNLA မှတပ်ဖွဲ့အားလုံးသည် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင့်သင်ကြားပြီးနောက် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။[44] အစိုးရတပ်မှ ထောင်ခဲ့သောမိုင်းများကို ပြန်လည်တူးဖေါ်ခြင်းမှသော်လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကို သိမ်းယူခြင်းဖြင့် သော်လည်းကောင်း မှောင်ခိုလက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတတ်သည်။ [45]

၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလတွင် တပ်မတော်သည် ကိုးကန့်ဒေသအတွင်း လက်နက်ကိုင်အဖွဲ့များထံမှ POMZ လူသတ်မိုင်း ၈ လုံးနှင့် တခြားလက်နက်ခဲယမ်းများ သိမ်းဆည်းရခဲ့သည်။[46] ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် KIA စခန်းတစ်ခုမှ သိမ်းဆည်းရမိသောလက်နက်များအနက် မြေမြုပ်မိုင်းအလုံး၉၀ သိမ်းဆည်း ရရှိ သည်ဟု အစိုးရတပ်ဖွဲ့များက ပြောဆိုသည်။[47]၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ယခင် DKBA တပ်မဟာ (၅)၊ ကရင် ကလိုထူးဖောအဖွဲ့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲ ၂ ခုအတွင်း သိမ်းဆည်းရခဲ့သော လက်နက်များအနက် မြေမြှုပ်မိုင်းအလုံး ၅၀ သိမ်းဆည်း ရရှိခဲ့သည်ဟု အစိုးရ နှင့် နယ်ခြားစောင့်တပ်များက ပြောဆိုသည်။ [48] ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်လည်း လက်နက်ချ ကလိုထူးဖောတပ်ရင်း/DKBA တပ်ဖွဲ့ဝင်များထံမှ တခြား လက်နက်များနှင့် အတူ မြေမြုပ်မိုင်း သုံးလုံး ရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောဆိုသည်။[49]

**ထိခိုက်ဒဏ်ရာရမှု**

**ထိခိုက်ဒဏ်ရာရမှု အကျဉ်းချုပ်**

| | |
|---|---|
| ၂၀၁၅ ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း | ၃၆၉ ဦး (၄၁၉ သေဆုံး၊ ၃၁၅၆ ဒဏ်ရာ၊ ၁၁၈ မသိရ) ၁၉၉၉ ခုနှစ်မှစ၍။ |
| ၂၀၁၅ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စာရင်း | ၁၅၉ ဦး (၂၀၁၄ ခုနှစ်။ ၂၅၁ ဦး) |
| ၂၀၁၅ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာမှ အသေးစိတ် | ၃၁ ဦး သေဆုံး၊ ၁၂၈ ဦးဒဏ်ရာ၊ (၂၀၁၄ ခုနှစ် ၄၅ ဦးသေ၊ ၂၀၆ ဦးဒဏ်ရာ။) |
| ၂၀၁၅ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စေသော မိုင်းအမျိုးအစားများ | လူသတ်မိုင်း၊ လက်လုပ်မိုင်း (IEDs) ၆၆၊ စစ်အတွင်းကြွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသော ပစ္စည်းများ ၃၃၊ အမျိုးအစား မသိ ၆၀။ |

[44] ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် သံတမန်တဦးနှင့် အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများ ထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟု ဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင် KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာ ရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။" "06RANGOON1767, BURMA REGIME AND KAREN MISTRUST CONTINUES," US Department of State cable dated 4 December 2006, released by Wikileaks on 30 August 2011.

[45] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

[46] "ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ မူးယစ်ဆေးဝါး၊လက်နက်များနှင့် ကျည်ဆံများဖမ်းဆီးရမိ၊ Global New Light of Myanmar, 27 February 2016.

[47] "Tatmadaw seizes KIA camp," Global New Light of Myanmar, 21 November 2015.

48 "Tatmadaw, BGF combs KKO of Kawkariek area," Global New Light of Myanmar, 20 July 2015, p. 9.

49 "Fifty-eight members of Kyaw Thet-Saw San Aung group return to legal fold," Global New Light of Myanmar, 29 July 2015, p. 2.

နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့ အစည်း များမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိုင်း/ စစ်အတွင်း ကျန်ရစ်သောအကြွင်းအကျန်များ (ERW) ကြောင့် ထိခိုက်မှုအသစ် ၁၅၉ ခု အနည်းဆုံး ရှိခဲ့သည်။[50] ထိခိုက်ဒဏ်ရာ ရသူအများစုမှာ ကလေးများ (၅၄) ဦး - ယောကျ်ားကလေး ၃၈ ဦး နှင့် မိန်းကလေး ၁၆ ဦး အနည်းဆုံး ၁၀ ဦးမှာ ယောကျ်ား ကလေးများ ဖြစ်ကြသည်။ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၁၃ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[51]

ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းအရေအတွက်သည် ဒီထက်မက မြင့်မားစွာရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုင်းအရေး ဆောင်ရွက်သော အဖွဲ့အစည်းများအရေအတွက် နှင့် မိုင်းဒဏ်သင့်သူများ အကူအညီပေးရေး အစီအစဉ်များ ပိုရှိ၊ ပိုများလာနေသော်လည်း ထိခိုက်ဒဏ်ရာ ရမှု နှင့် ပတ်သက်သော အချက်အလက် စနစ်တကျ စုစည်းထားမှု မရှိခဲ့ပေ။

တရားဝင်အချက်အလက် ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံရေးသားခြင်းပုံစံ သို့မဟုတ် အချက် အလက် ဖလှယ်ခြင်းနည်းလမ်း မရှိခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းအဖွဲ့သို့ မတူညီသော သတင်း အရင်း အမြစ်မှ နှစ်စဉ်အချက်အလက်များ ရရှိသောကြောင့် အစီရင်ခံမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည့်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။ [52] ၂၀၁၄ ခုနှစ်အတွင်း မိုင်းနှင့်စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲ ပစ္စည်းများကြောင့် အနည်းဆုံး ထိခိုက်ဒဏ်ရာရမှုအသစ် ၂၅၁ ခုရှိခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြေမြုပ်မိုင်း ကြောင့် ထိခိုက်ဆုံးရှုံးမှု အချက်အလက်များ ထုတ်ပြန်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် ဇွန်လ ၁၈ လ ကာလအတွင်း မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းကြောင့် ပြည်သူသေဆုံးမှု ၁၀၁ ဦးရှိခဲ့သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ထိုအနက် ၇၄ ဦးမှာ ကချင်ပြည်နယ်အတွင်း မြေမြုပ်မိုင်းကြောင့် သေဆုံးခဲ့ရပြီး ရှမ်းပြည်နယ်တွင် ၁၄ ဦး၊ ချင်းပြည်တွင် ၁၁ ဦး နှင့် ကယားနှင့် ရခိုင်ပြည်နယ်တွင် ၁ ဦးဖြစ်သည်။ ထိုကိန်းဂဏန်းသည် အရပ်သား ထိခိုက်သေဆုံးမှုများသာဖြစ်ပြီး စစ်တပ်နှင့် တခြားလက်နက်ကိုင်များ ထိခိုက် သေဆုံးမှု မပါဝင်ပေ။ ကျန်းမာရေးနှင့် အားကာစားဝန်ကြီးဌာနသည် ထိခိုက်ဒဏ်ရာရသူဦးရေ အချက်အလက်ကို ထုတ်ပြန်ခြင်းမရှိပေ။[53] လွန်ခဲ့သော ဆယ်စုနှစ်တဝက်ကျော်ကာလအတွင်း မြေမြုပ်မိုင်း စောင့်ကြည့်လေ့လာရေး အဖွဲ့က မှတ်တမ်းတင်ခဲ့သော ထိခိုက်ဒဏ်ရာရမှုအရေအတွက်သည် သေဆုံးမှုဦးရေထက် သုံးဆ ပိုများသည်။ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ကလည်း ၂၀၁၅ ခုနှစ်အတွင်း မြေမြုပ်မိုင်းပေါက်ကွဲမှုများကို မှတ်တမ်းတင် အစီရင်ခံ ထုတ်ပြန်ရာတွင် မြေမြုပ်မိုင်းကြောင့် ၁၁ ဦးသေ၊ ၇၉ ဦးဒဏ်ရာ ရခဲ့သည်။[54] ထိုအချက်အလက်များတွင် စစ်ဖက် ဆိုင်ရာထိခိုက်ဒဏ်ရရမှု မပါဝင်နိုင်ပေ။

ယခင်နှစ်များကဲ့သို့ပင် အနာဂါတ်လားရာများကို ဖေါ်ထုတ်ရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု သတင်း အချက်အလက် အသေးစိတ်များကို မူရင်းသတင်းအမြစ်က မှန်မှန်ကန်ကန် မှတ်တမ်းတင် ခြင်းရှိမရှိ သတ်မှတ်ရန်အတွက် လက်ခံရရှိသည့် အချက်အလက်များသည် ပြည့်စုံခြင်းမရှိပေ။ လက်တွေ့တွင် ထိခိုက် ဒဏ်ရာရမှု အရေအတွက်သည် ပိုများနိုင်သည်။

---

50 အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း Monitor မှ ၂၀၁၅ ခုနှစ်အတွက် ကောက်ယူရရှိသော ထိခိုက်ဒဏ်ရာရမှုအချက်အလက်များသည် အများပြည်သူ နှင့် အများပြည်သူ မသိသော သတင်းအရင်းအမြစ်များမှ စုဆည်းထားခြင်း ဖြစ်သည်။

51 ကျားမခွဲခြား၍ မသိနိုင်သော ထိခိုက်ဒဏ်ရာရမှု ၅၆ ခု ရှိခဲ့သည်။

52 Roger Fasth နှင့် Pascal Simon (Danish Demining Group) ကိုကြည့်။ "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

53 ‘‘Over 100 landmine fatalities since January 2015,” Global New Light of Myanmar, 19 August 2016.`

54 “Kachin landmines kill 11 last year,” Eleven Media, 31 January 2016.

၂၀၁၅ ခုနှစ် တွင် Motinor က မှတ်တမ်းတင်ထားသော ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၁၅၉ ခုရှိသဖြင့် ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ၂၅၁ ခုထက်ပိုနည်းသည်။ ၂၀၁၃ ခုနှစ် [55] တွင် ၁၄၅ ခု နှင့် ၂၀၁၂ ခုနှစ်တွင် ၁၀၆ ခုဖြစ်ခဲ့သဖြင့် ထိုနှစ်များထက် ပိုများသည်။ Motinor သည် မြန်မာနိုင်ငံအတွက် ထိခိုက်ဒဏ်ရာရမှုများ တင်ပြခြင်းသည် ကောက်ယူရရှိသော သတင်းအရင်းအမြစ်များ အားလုံးမှ ရရှိသော အချက်များကို စုပေါင်း ဖေါ်ပြခြင်းဖြစ်သည်။[56] ၂၀၁၃ ခုနှစ်အတွင်း မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုအရေအတွက် နည်းပါးခြင်းနှင့် ပတ်သက်၍ ဒိန်းမတ်မိုင်းရှင်းလင်းရေးအဖွဲ့ (DDG)က ၂၀၁၃ ခုနှစ်အတွင်း မြေမြုပ်မိုင်း ထိသူ ပြည်သူပေါင်း ၁၀၁ ဦး အရေအတွက်ထက် အဆမတန်ပိုများသည်ဟု ယူဆသည်။ [57] ၂၀၁၅ ခုနှစ် စက်တင်ဘာလထိ ၂၀၁၃ ခုနှစ် အတွက် နောက်ထပ် ဖြစ်စဉ် စုစုပေါင်း ၄၄ ခု (၃ ဦးသေ၊ ၄၁ ဦး ဒဏ်ရာ) ရှိခဲ့ကြောင် းတင်ပြခဲ့သဖြင့် ထိုနှစ် အတွက် သိရှိရသော ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၁၄၅ ခု ဖြစ်ခဲ့သည်။ လက်တွေ့ထက် ပိုနည်းနေသည်ဟု ယုံကြည် ရသည်။

မကြာသေးခင်နှစ်များအတွင်း ထိခိုက်ဒဏ်ရာရမှုအရေအတွက် ပိုများလာသော ကချင်ပြည်နယ်တွင် တိုက်ပွဲများသည် ၂၀၁၃ - ၂၀၁၄ နှစ်များထက် ၂၀၁၁ - ၂၀၁၂ နှစ်များအတွင်း ပိုပြင်းထန်ခဲ့သည်ဟု ဒိန်းမတ်မိုင်းရှင်းလင်းရေးအဖွဲ့/ဒိန်းမတ်ဒုက္ခသည်ကောင်စီ9 (DDG/DRC) ကမှတ်ချက်ပြုခဲ့သည်။ သို့သော် ယခုနှစ်နှောင်းပိုင်းတွင် မြေမြုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ် အကြိမ်ပိုများစွာ မှတ်တမ်းတင်ခဲ့သည်။ အကြိမ်ပိုများ လာခြင်း၏ အကြောင်းရင်းကို တိတိကျကျ မသိပေ။ သို့သော် DDG/DRC မှ ကောက်ယူရရှိခဲ့သော ဒေတာများ သည် သေးငယ်သော၊ မတည်ငြိမ်သော ဒေသအတွင်းမှ ကောက်ယူရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကောက်ယူ ရရှိခဲ့သော ထိခိုက်ဒဏ်ရာရရှိခဲ့မှုများအနက် ထက်ဝက်မှာ မိုင်းရှိရာနေရာများသို့ ပြန်သွားကောင်း ပြန်သွားကြသည့် ပြည်တွင်း အိုးအိမ်မဲ့ ပြည်သူများ ဖြစ်သည်။ [58]

Motinor မှ ယခင် အစီရင်ခံမှုများတွင် စစ်ဖက် ထိခိုက် ဒဏ်ရာရမှု အရေအတွက် ကြီးကြီးမားမားရှိသည်ကို ညွှန်ပြသည်။ သို့သော် ၎င်း မှတ်တမ်းများကို ပြည်သူလူထု အလွယ်တကူ မရနိုင်ပေ။[59]

၂၀၁၄ ခုနှစ်တွင် မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သောပေါက်ကွဲစေသောပစ္စည်းများသည် တိုင်း ဒေသကြီး/ ပြည်နယ်များ ၁၄ ခုအနက် ခန့်မှန်းခြေ ၁၀ ခုတွင် စိုးရိမ်ဖွယ် ဖြစ်နေသေးသည်။[60] ထိခိုက်ဒဏ်ရာရမှု အများဆုံး ဖြစ်သော မိုင်းအများစုမှာ လူသတ်မိုင်းများအဖြစ် မှတ်တမ်းတင်ခဲ့သည်။ လက်လုပ်တိုက်မိုင်းများ သို့မဟုတ် လက်လုပ်လူသတ်မိုင်းများသည် ထိခိုက်ဒဏ်ရာရမှုဖြစ်စေသော မိုင်းများဖြစ်သည်ဟု ဒေသခံ အန္တရာယ် လျော့ချရေးပညာပေးသူများက တင်ပြခဲ့သည်။ မိုင်းနှင့် လက်လုပ်တိုက်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရ ခဲ့သူများသည် တိုက်မိုင်း အမျိုး အစားနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားနိုင်ခြင်းမရှိသဖြင့် အမျိုးအစားများကို မှတ်တမ်းတင် နိုင်ခဲ့ခြင်းမရှိပေ[61]

---

[55] ၂၀၁၄ ခုနှစ်တွင် Monitor က မြန်မာနိုင်ငံအတွက် အစီရင်ခံမှုတွင်ပါသော မူရင်း ၁၀၁ မှ ပြန်လည်ပြင်ဆင်ထားသော စုစုပေါင်း။

[56] အချက်အလက်များ ထပ်ကောင်းထပ်နေနိုင်သည်။ သို့သော်ရရှိသော အချိန်အကန့်အသတ်ကြောင့် စစ်ဆေးရန် မဖြစ်နိုင်ပေ။.

[57] DDG, "မိမိတို့လုပ်ငန်းဆောင်ရွက်သောနေရာ: မြန်မာနိုင်ငံ" ရက်စွဲမသိရ။

[58] Roger Fasth နှင့် Pascal Simon (Danish Demining Group) ကိုကြည့်။ "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

[59] စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်သော ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံအစီရင်ခံစာအား Monitor ဝက်ဆိုဒ်တွင် ကြည့်ပါ။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ထံမှ ၂၀၀၈ ခုနှစ်အတွင်း စစ်ဖက်ဆိုင်ရာ ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ မကြုံစဖူးသတင်းများစွာ ရရှိခဲ့သည်။ စစ်ဖက်ဆိုင်ရာထိခိုက်မှု ၅၀၈ ဦး ရှိခဲ့သည်ဟု သိခဲ့ရသည်။ သို့သော် နောက်နှစ်များတွင် မရတော့ပေ။

[60] ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ ခုနှစ်" Geneva, May 2014, p. 291.

[61] "Deadly Soil: Burma's Enduring Landmine Tragedy," "သေမင်းတမန်မြေ။ မြန်မာနိုင်ငံခံစားနေရသော မြေမြှုပ်မိုင်းရင်နှင့်ဖွယ်။" Burma News International, 11 June 2011။ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များထံမှ စက်ရုံထုတ်မိုင်းများ သိမ်းဆည်းရမိ။ "ကမ္ဘာ့သက်တမ်းအရှည်ဆုံးစစ်ပွဲ" Aljazeera, 10 August 2011., "The world's longest ongoing war," *Aljazeera*, 10 August 2011.

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ် နှစ် ကုန်အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၃၇၄၅ ဦး (၃၉၆ ဦးသေဆုံး၊ ၃၁၄၅ ဦး ဒဏ်ရာ၊ ၂၀၄ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်း (MPHA)၏ အဆိုအရ စစ်မှုထမ်းများ၊ လက်နက်ကိုင်အဖွဲ့ဝင်များ၊ အရပ်သားပြည်သူများစွာသည် မြေမြှုပ်မိုင်းကြောင့် အပါအဝင် လက်နက်ကိုင်တိုက်ပွဲများကြောင့် မသန်စွမ်းသူများ ဖြစ်နေရသည်ဟု အစီရင်ခံခဲ့သည်။

မြန်မာနိုင်ငံအတွင်း ခြေတုတပ်သူ ခန့်မှန်းချေ ၁၂၀၀၀ ခန့်ရှိပြီး သုံးပုံနှစ်ပုံမှာ မြေမြှုပ်မိုင်းထိသူများဖြစ်သည်။[62]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

၁၉၉၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်ခဲ့သူ မိုင်းကြောင့်အသက်ရှင် ကျန်ရစ်သူ အနည်းဆုံး ၃၁၄၅ ဦး ရှိသည်။ သို့သော် လက်တွေ့ကိန်းဂဏန်း၏ အစိတ်အပိုင်း အနည်းငယ်သာ ဖြစ်သည်ဟု ယုံကြည်ရသည်။ မိုင်းကင်းစင်ရေးမြန်မာ အဖွဲ့က ၄ သောင်းထက်မက ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ [63]

## ၂၀၁၅ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

၂၀၁၅ ခုနှစ်တွင် မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ဝင်ငွေရ ဝန်ဆောင်မှုများသည် မြန်မာနိုင်ငံတွင် ပိုမြင့်မားခဲ့သည်။သို့သော် မြန်မာနိုင်ငံတွင် ခြေတုလက်တု တပ်ဆင်ခြင်း အတွက် ခြေတုလက်တုပညာရှင် အနည်းဆုံး ၃၀၀ ခန့် လိုအပ်သော်လည်း လတ်တလောအချိန်တွင် ၃၀ ပင် မရှိသေးပေ။ [64] ကျန်းမာရေးဝန်ကြီးဌာန နှင့် ICRC သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် နှင့် ကချင် ပြည်နယ်၊ မြစ်ကြီးနားမြို့များတွင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဌာန အသစ် ၂ ခု တည်ထောင်ရန် သဘောတူခဲ့သည်။ [65]

မိုင်းအရေးဆောင်ရွက်သူများသည် မိုင်းဒဏ်သင့်သူများအကူအညီပေးခြင်း ကဏ္ဍအားလုံးတွင် အကူအညီပေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်း နှင့် စီစဉ်ခြင်းများတွင် ပါဝင်ခဲ့သည်။

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်အား လေ့လာမှု

၂၀၁၆ ခုနှစ် မတ်လအထိ ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်အတွင်း The Handicap International (HI) နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်း (MPHA) မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးရေးဌာနမှ ကျောက်ကြီး မြို့နယ် အတွင်း မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူ ၁၂၅၉ ဦး နှင့် တခြားအကြောင်းရင်းများကြောင့် မသန်စွမ်း ဖြစ်ရသူများကို တွေ့ရှိခဲ့သည်။ စတမ်းကောက်ယူမှုရလဒ်များကို ကြားဝင်ကူညီဆောင်ရွက်ခြင်းများနှင့် သက်သေ အခြေပြု မဟာဗျူဟာရေးဆွဲခြင်းများအတွက် အသုံးပြုခဲ့သည်။ အကူအညီလိုအပ်ချက်လေ့လာမှု ဆောင်ရွက်စဉ် အတွင်း မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူများနှင့် တခြား မသန်စွမ်းသူများအတွက် သင့်လျော်သော၊

---

[62] US Department of State, "2015 Country Reports on Human Rights Practices: Burma," Washington, DC, 13 April 2016.

[63] Yeshua Moser-Puangsuwan မှအီးမေး။ မိုင်းကင်းစင်ရေးမြန်မာနိုင်ငံ။ ၂၆ စက်တင်ဘာ ၂၀၁၄။

[64] Didier Reck, Physiotherapist, Physical Rehabilitation Programme Manager, ICRC နှင့်အင်တာဗျူး။ ရန်ကုန်၊ ၇ ဖွန် ၂၀၁၆ နှင့် " ကမ္ဘာ့ကျန်းမာရေးအဖွဲ့/ခြေတုလက်တုဝန်ဆောင်မှု နိုင်ငံတကာလူမှုအသိုင်းအဝန်း၊ ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် ခြေတုလက်တုဝန်ဆောင်မှုများဆိုင်ရာ သင်တန်းသားများအတွက် လမ်းညွှန်ချက်များကို အခြေခံသည်။ စာ ၁၇ - ၁၈

[65] ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်" Geneva, 2015, p. 288.

လက်လှမ်းမီနိုင်သော ဝန်ဆောင်မှုများ ရရှိရန် ကူညီဆောင်ရွက်ပေးခဲ့သည်။[66] HI သည် မန္တလေး၊ ရောဝတီနှင့် ပဲခူးအရှေ့ခြမ်း (ကျောက်ကြီးမြို့နယ်) များအတွင်းအရှိ ဝန်ဆောင်မှု လမ်းညွှန်ကိုလည်း ပြုစုပေးခဲ့သည်။[67]

World Education အဖွဲ့သည် ကယားပြည်နယ်အတွင်း မသန်စွမ်းသူများဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ သတင်းဖလှယ်ခြင်းများ အားကောင်းစေရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့သည်။ [68]

၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖေါ်ဝါရီလတွင် DDG/DRC သည် "မြေမြှုပ်မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲစေသည့်ပစ္စည်းများ၏ ထိခိုက်ခံရသူများဆိုင်ရာ စစ်တမ်း" တခုကို ကချင် ပြည်နယ် နှင့် ကယားပြည်နယ်တွင် ဆောင်ရွက်ခဲ့သည်။ လိုအပ်ချက်လေ့လာမှုနှင့် အနာဂါတ် လုပ်ငန်းများအတွက် ဖြစ်နိုင်ချေအခွင့်အလန်းများအပေါ် ပြန်လည်သုံးသပ်ချက်များပါ ထည့်သွင်းခဲ့သည်။ DDG/DRC သည် အသက်ရှင်ကျန်ရစ်သူများ နှင့် မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှု အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်း ကောက်ယူခဲ့သော စစ်တမ်းအရ အဓိကအလိုအပ်ဆုံးတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ အသက်မွေးဝမ်းကြောင်းမှု အကူအညီ နှင့် လူမှုစီးပွားပြန်လည် ပေါင်းစုခြင်း အကူအညီများ ပါဝင်သည်။ မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှုကို ပိုမိုကျယ်ပြန့် သော မသန်စွမ်းအကူအညီပေးရေးနှင့် ပြန်လည်ပြုစု ပျိုးထောင်ရေးကဏ္ဍတွင် ထည့်ပေးရန် လိုအပ်ကြောင်း ၎င်းတို့ တွေ့ရှိခဲ့သည်။ ရေရှည်ဖြစ်ရန်လည်း လိုအပ်သည်။ DDG သည် အောက်ဖေါ်ပြပါ အတိုင်း အကြံပြုချက်များပေးခဲ့သည်။ [69]

- သတင်းအချက်အလက်မျှဝေခြင်းနှင့် စီမံရေးဆွဲခြင်း ရည်မှန်းချက်အတွက် ရိုးစင်းသော၊ ယာယီ မိုင်းဒဏ်သင့်ပြည်သူ သတင်းအချက်အလက် စနစ်တခု ဖန်တီးရန်။
- အရေးပေါ် မိုင်းဒဏ်သင့်ပြည်သူအကူအညီ ထောက်ပံ့ပေးခြင်း။
- ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် ကူညီပေးခြင်း။
- တနိုင်တပိုင်အကူအညီပေးခြင်းအဖွဲ့များ၊ လူထုအချင်းချင်းအကူအညီပေးခြင်း ဝန်ဆောင်မှု များနှင့် မသန်စွမ်းအကူအညီပေးခြင်း အရင်းအမြစ်ဌာနများမှတဆင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ များ တိုးမြှင့်ပေးခြင်း။
- လူမှုစီးပွားရေးပြန်လည်ပေါင်းစပ်ခြင်း လုပ်ငန်းများကို အထောက်အပံ့ပေးရန် ၎င်းကွန်ယက်များ နှင့် လက်တွဲ ဆောင်ရွက်ခြင်း။
- လူမှုအသိုင်းအဝန်းများ၊ မသန်စွမ်းအရေးဆောင်ရွက်သူ အဖွဲ့အစည်း ကွန်ယက်များမှတဆင့် မသန်စွမ်းသူများ၊ မြေမြှုပ်မိုင်းအသက်ရှင်ကျန်ရစ်သူများကို ရေရှည်ခံ လူမှုစီးပွားပြန်လည် ပေါင်းစည်းခြင်း အကူအညီများ အကောင်အထည်ဖေါ်ခြင်း နှင့် ပေါင်းစပ်ပေးခြင်း။
- အသက်မွေးကြောင်းသင်တန်းများပေးခြင်း နှင့် ရေရှည် လူမှုစီးပွားရေး အထောက်အပံ့များ ပေးခြင်း
- စီးပွားရေးဝန်ဆောင်မှုအကူအညီများ စနစ်တကျပေးခြင်း နှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများ၏ ကလေးငယ်များ ၏ ပညာရေးလိုအပ်ချက်အတွက် ထောက်ပံ့ပေးခြင်း

---

[66] Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။ HI"ပဲခူးတိုင်းအရှေ့ခြမ်းကျောက်ကြီးမြို့နယ်အတွင်း မသန်းစွမ်းအစီအစဉ်များမှ နစ်နာသူများအကူအညီပေးခြင်း၊ သင်ခန်းစာယူခြင်းစာတမ်း။" ဧပြီ ၂၀၁၆။ Yann Faivre, Country Director, HI – Myanmar နှင့် အင်တာဗျူး။ ရန်ကုန် ၉ ဇွန် ၂၀၁၆။

[67] Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။

[68] World Education, "Victim Assistance and Disability Program in Kayah State," ရက်အတိအကျမသိ။

[69] Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

ကယားပြည်နယ်တွင် ၂၀၁၅ ခုနှစ် မတ်လမှ နိုဝင်ဘာလအတွင်း World Education က ကောက်ယူခဲ့ ပထမဦးဆုံး ပြည်နယ်အဝှမ်း မသန်စွမ်းသူများ စစ်တမ်းကောက်ယူမှုအရ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအနက် ၉ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု တွေ့ရသည်။ မသန်စွမ်းသူများအပေါ် လူမှုအသိုင်းအဝန်း၏အမြင်ကိုပြောင်းလဲရန်အတွက် လူမှုအသိုင်းအဝန်းနှင့်ထိတွေ့ဆက်ဆံရန် လိုအပ်ကြောင်း စစ်တမ်းက အကြံပြုထားပြီး၊ မသန်စွမ်းသူများအနေဖြင့်လည်း လူမှုအသိုင်းအဝန်းများအတွင်း ပါဝင်ခွင့်မရခြင်းနှင့် ပါဝင်ခွင့်မရှိခြင်း ခံစားနေရသည်ဟု သတိထားသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိရှိပြီးသား ဝန်ဆောင်မှုကို အသုံးပြုနိုင်မှု နှင့် ထိုဝန်ဆောင်မှုများတွင် အားလုံးပါဝင်မှု တိုးမြှင့်သင့်ကြောင်း အကြံပြုထားပြီး World Education က NGO များအနေဖြင့်လည်း မသန်စွမ်းသူများအကြား ကွန်ယက်များ တည်ဆောက်ခြင်းကို ကူညီဆောင်ရွက် ပေးရန် အကြံပြုထားသည်။ [70]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးရေးနည်းပညာအဖွဲ့ တဖွဲ့ကို Handicap International အဖွဲ့၏ အကူအညီဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် တည်ထောင်ခဲ့သည်။ ၁၇ ဦးပါသောထိုအဖွဲ့သည် ရန်ကုန်တွင် အစည်းအဝေးများ ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် HI ၏ တာဝန်ခံ စီစဉ်ပေးမှုဖြင့် ထိုအဖွဲ့သည် ငါးကြိမ် တွေ့ဆုံခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ အစည်းအဝေးလေးကြိမ်ကျင်းပခဲ့သည်။ [71]

မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီပေးရေးနည်းပညာအဖွဲ့သည် အမျိုးသားအဆင့် မိုင်းအန္တရာယ်လျော့ချရေး ပညာပေးမှု အလုပ်အဖွဲ့၏ အလုပ်ခွဲတစ်ခုဖြစ်ပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ် မိုင်းအန္တရာယ်လျော့ချရေး အမျိုးသား စီမံကိန်းအဆင့် မဟာဗျူဟာပါ အကူအညီပေးရေးကဏ္ဍကို ဖွင့်ဆိုရန် တာဝန်ပေးခံထားရသော အဖွဲ့ဖြစ်သည်။ တည်ထောင်သည့်အချိန်မှစ၍ မိုင်းသင့်ပြည်သူအကူအညီပေးခြင်း လုပ်ငန်းအကောင်အထည်ဖော်ခြင်း စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် အကူအညီပေးခြင်းအကြောင်း အရာများ ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးသည်။ မိုင်းအန္တရာယ်လျော့ချရေး ပညာပေးရေး အလုပ်အဖွဲ့ နှင့် မသန်စွမ်းသူများအခွင့်အရေး ဆောင်ရွက်သူများအကြား ကြားခံပေါင်းကူး ပေးသည်။ မိုင်းဒဏ်သင့် ပြည်သူများအတွက် အကူအညီပေးရေးနည်းပညာအဖွဲ့ဝင်များတွင် နိုင်ငံတကာ NGO များ၊ နိုင်ငံတွင်း NGO များ၊ ကုလသမဂ္ဂ၊ ICRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) အပြင် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီများ ပါဝင်သည်။[72]

၂၀၁၄ ခုနှစ်တွင် မိုင်းဒဏ်သင့်ပြည် သူများ အတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု အစိုးရ ယန္တရား မရှိသေးပေ။ သို့သော် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် ၎င်း၏ အမျိုးသားမသန်စွမ်းဥပဒေနှင့် အမျိုးသား လူမှုအကာအကွယ်ပေးခြင်း မဟာဗျူဟာတွင် မသန်စွမ်းသူများ အခွင့်အရေးသဘောတူစာချုပ်ကို အခြေခံ၍ မိုင်းဒဏ်သင့်ပြည်သူ ကူညီစောင့်ရှောက်ရေးကို ဦးတည်သော အားလုံးလွှမ်းခြုံသော ချည်းကပ်မှုဖြင့် လုပ်ဆောင်နေကြောင်း အစီရင်ခံခဲ့သည်။ [73]

---

[70] World Education, ကယားပြည်နယ်အတွင်း မသန်စွမ်းသူများပရောဂျက်မှ နစ်နာသူများအကူအညီပေးခြင်း မသန်စွမ်းစစ်တမ်း၊ အဓိကတွေ့ရှိချက်များအကျဉ်းချုပ်၊ ရက်စွဲမသိရ။ ဒါရိုက်တာမခင်မာအောင် World Education ထံမှ အီးမေး။ ၁၂ ဇွန်၊၂၀၁၆။ မမာလာစိုး World Educationမှအီးမေး၊ ၁၂ ဇွန် ၂၀၁၆။ စစ်တမ်းသည် ကယားပြည်နယ်မြို့နယ် ၇ ခုအတွင်း ကျေးရွာများ၏ ၃၆ ရာခိုင်နှုန်းကို လွှမ်းခြုံသည်။ တခြားမသန်စွမ်းဖြစ်မှုများအနက် ၄ ရာခိုင်းနှုန်းသည် မြေမြှုပ်မိုင်းကြောင့်ဖြစ်သည်။

[71] Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။

[72] Ibid.; နှင့် Yann Faivre မှ အီးမေး။ ဌာနေ ဒါရိုက်တာ။, Handicap International (HI), ၂၇ အောက်တိုဘာ ၂၀၁၅; နှင့် "HI Victim Assistance Initiative in Myanmar," Yann Faivre မှ တင်ပြဆွေးနွေးချက်။ ဘန်ကောက်, ၁၅ ဇွန် ၂၀၁၅

[73] လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဖူလုံဌာန၊ဒုညွှန်ချုပ်၊ ဒေါက်တာစန်းစန်းအေး၏ Meeting of National Mine Action Programme Directors, Geneva, 17 February 2015.

ဝ၁၄ ခုနှစ်တွင် မိုင်းဒဏ်သင့်ပြည် သူများ အတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု အစိုးရ ယန္တရား မရှိသေးပေ။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် ICRC အကြား ဆွေးနွေးမှုများအတွင်း အမျိုးသား ခြေတုလက်တု ဝန်ဆောင်မှု တာဝန်ခံညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရေးကို ဆက်လက်ဆွေးနွေးခဲ့သည်။ [74]

မြန်မာနိုင်ငံမသန်စွမ်းသူများ ကောင်စီ (MCPD)ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တည်ထောင်ခဲ့သည်။ ကော်စီအနေဖြင့် "မသန်စွမ်းသူများကို အကာအကွယ်ပေးသေ ဥပဒေတစ်ခု ပြဌာန်းပြီး CRPD ကို အကောင်အထည် ဖေါ်ဆောင်ရွက်နိုင်ရေး" ဦးတည်ဆောင်ရွက်နေကြောင်း ကောင်စီဝင်တစ်ဦး ပြောဆိုခဲ့သည်။[75] World Learning အဖွဲ့သည် MCPD ဦးဆောင် ၂၁ ဦးအသစ်ရွေးချယ်တင်မြှောက်ရန် ပထမဦးဆုံးသော မြန်မာနိုင်ငံ အမျိုးသား မသန်စွမ်းသူများကွန်ဖရင့်ကို စီစဉ်ကျင်းပနိုင်ရေး ဒေသခံလူပ်ရှားတက်ကြွသူများကို နည်းပညာ အကူအညီ ပေးသည်။ အမေရိကန်ပြည်ထောင်စုနိုင်ငံတကာ မသန်စွမ်းသူများကောင်စီမှ နိုင်ငံတကာ မသန်စွမ်းဥပဒေ ကျွမ်းကျင်သူများ နှင့် USAID မှ အထောက်အပံ့ ပံ့ပိုးမှုများဖြင့် MCPD ၏ အဖွဲ့အစည်းနှင့် နည်းပညာ ဖွံ့ဖြိုးမှုများ အတွက်ပါ World Learning အဖွဲ့ကြီးက ဆက်လက်ကူညီပေးခဲ့သည်။ [76]

မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားမဟာဗျူဟာ တွင် အောက်ပါ ရည်မှန်းချက်များ ပါဝင်သည်။

- မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားသော အခြေခံအဆောက်အအုံ၊ အလေ့အထများ၊ စနစ်များနှင့် မူဝါဒများ ဖြစ်ပေါ်ရေး။
- လူမှုရေး၊ နိုင်ငံရေး၊ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အများပြည်သူကဏ္ဍများတွင် မသန်စွမ်းသူများ အပြည့်အဝ ပါဝင်နိုင်မှု ရှိရေး။
- မသန်စွမ်းသူများ ဘဝအရည်အသွေးမြှင့်တင်ရေး။
- မသန်စွမ်းသူများအရေး အာရုံစိုက်ဆောင်ရွက်သော အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသန္တရ အဖွဲ့အစည်းများအတွက် ဦးစားပေးခြင်း။
- မသန်စွမ်းသူများအခွင့်အရေးဥပဒေနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးကို အပြည့်အဝ ကာကွယ်ခြင်း (၂၀၁၅)။ [77]

MCPD မှ ကြီးမှူးသော မသန်စွမ်းသူများဆိုင်ရာ အမျိုးသား မဟာဗျူဟာအစီအစဉ် အကြံပြုဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာ ၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ မသန်စွမ်းသူများအရေး ကိုယ်တိုင် ကိုယ်ကျ စည်းရုံးဆောင်ရွက်သူများနှင့်အတူ လူမှုဖူလုံရေးဌာနသည် ၂၀၁၇ -၂၀၂၂ ခုနှစ်အတွင်း အကောင်အထည် ဖေါ်မည့်လုပ်ငန်းများ ဖေါ်ထုတ်ရေးအစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဘက်ဂျက်အပါအဝင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးမှု အမျိုးသာ မဟာဗျူဟာ (၂၀၁၆-၂၀၁၈ ခုနှစ်) ရည်မှန်း ချက်များကို အခြေခံ ဆွေးနွေးခဲ့ကြသည်။ [78]

လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် နေရာပြန်လည်ချထားရေး ဝန်ကြီးဌာနလက်အောက်တွင်ရှိသော လူမှုဖူလုံရေး ဌာနသည် မသန်စွမ်းပြည်သူများအတွက် တင်ကြိုတားဆီးခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ပြုစုပျိုးထောင်ခြင်း

[74] ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၅ ခုနှစ်" Geneva, May 2016, p. 364.

[75] "Disabled Rights Council to be formed in Myanmar," Myanmar Matters, 14 December 2014.

[76] World Learning, "World Learning's Commitment to Disability Inclusion, Highlighted programming and resources as of May 2016," 2016.

[77] "မြန်မာနိုင်ငံ၂၀၁၆-၂၀၂၅ခုနှစ် မသန်းစွမ်းသူများဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာ" အလွတ်သဘောဘာသာပြန်ဆိုမှု၊

[78] "Equal Rights: Advice Sought For Strategy For Dev't Of PWDs," MiTV News, 29 August 2016.

နည်းလမ်းများမှတဆင့် လူမှုအသိုင်းအဝန်းအခြေပြု ပြုစုပျိုးထောင်ခြင်းများနှင့် လူမှုဖူလုံရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ [79]

ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း တာဝန်ခံညှိနှိုင်းမှုများတွင် အင်စတီကျူးရှင်းများစွာ ပါဝင်သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် MRCS လှုပ်ရှားသွားလာနိုင်သော အထောက်အကူပြု ပစ္စည်းများ အထူးသဖြင့် ခြေတုလက်တုများ ထောက်ပံ့ပေးခြင်းတွင် ပါဝင်ခဲ့ကြသည်။ [80]

မိုင်း/စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်နစ်နာခဲ့ရသူများ ကိုယ်စားပြုမှု တိုက်ရိုက်မရှိသေးသော်လည်း ပိုမိုကျယ်ပြန့်သည့် မသန်စွမ်းသူများ ၏ အဖွဲ့အစည်းများ(DPOs) တွင် ပါဝင်ကြသည့် အသက်ရှင်ကျန်ရစ်ခဲ့သူများသည် တာဝန်ခံ ညှိနှိုင်းခြင်းအခန်းကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြသည်။

**ဝန်ဆောင်မှုအသုံးပြုနိုင်မှု နှင့် ထိရောက်မှု**

**ထိခိုက်နစ်နာသူများအတွက် အကူအညီပေးခြင်းလုပ်ငန်းများ**

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ကျန်းမာရေးဝန်ကြီး ဌာန | အစိုးရ | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ |
| ကာကွယ်ရေးဝန်ကြီးဌာန | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင် ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲ စေသော ပစ္စည်းများ ကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင်ကျောင်းများ |
| ရွှေမင်းသား ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ ပေးခြင်း |
| နယ်လှည့်ကျောပိုးအိတ် ဆေးတပ်ဖွဲ့ (BPHWT) | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်း လှည့်လည် အရေးပေါ် ဆေးကုသမှု |
| ငြိမ်းချမ်းသောမြန်မာ နိုင်ငံအကူအညီပေးရေး ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ရွှေ့ပြောင်းခြေတုတပ်ဆင် ပေးခြင်း |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ | လူထုအခြေပြုအဖွဲ့ အစည်း | ကရင်ပြည်နယ် မူသရောမြို့ နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ |
| ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန | လူထုအခြေပြုအဖွဲ့ အစည်း | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း |

[79] "မြန်မာနိုင်ငံ ၂၀၁၆-၂၀၂၅ခုနှစ် မသန်းစွမ်းသူများဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာ" အလွတ်သဘောဘာသာပြန်ဆိုမှု၊ ICRC Physical Rehabilitation Programme (PRP), "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ ," Geneva, 2014, p. 52 နှင့် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန"မသန်စွမ်းသူများပြန်လည်ပြုစုပျိုးထောင်ရေး။" ၂၀၁၂

[80] ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ ခုနှစ်" Geneva, 2015, p. 58.

| | | |
|---|---|---|
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | လူထုအခြေပြုအဖွဲ့ အစည်း | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ |
| မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအသင်း (MPHA) | ပြည်တွင်း DPO | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြု ပစ္စည်းများထုတ်လုပ်ခြz x င်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်းများထည့်သွင်းရန် အားပေးခြင်း |
| အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan) | နိုင်ငံတကာ NGO | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြု ပြန်လည် နေရာချထားရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့် အရေး/ စည်းရုံးတိုက်တွန်းခြင်း |
| Exceed Worldwide | နိုင်ငံတကာ NGO | ရန်ကုန် အမျိုးသားပြန်လည်ထူထောင်ရေးဆေးရုံ (NRH) တွင် ခြေတုအလုပ်ရုံ လည်ပတ်လုပ်ဆောင်နေခြင်း၊ မန္တလေး မြန်မာနိုင်ငံ ခြေတုလက်တု စာသင်ကျောင်းတွင် ခြေတုအလုပ်ရုံအသစ်အတွက် ငွေကြေးထောက်ပံ့ခြင်း။ |
| အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ) | နိုင်ငံတကာ NGO | ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့်ခြေတုတပ်ဆင်ခြင်း |
| ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့/ ဒိန်းမတ် ဒုက္ခသည် ကောင်စီ | နိုင်ငံတကာ NGO | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် ERW အသက်ရှင် ကျန်ရစ်သူ များအတွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲပြောင်းရေး အကူအညီများ တိုက်ရိုက်ပေး သည်။ |
| Handicap International | နိုင်ငံတကာ NGO | လူမှုအသိုင်းအဝန်းအဆင့် အချက်အလက်ကောက်ယူခြင်း၊ ဝန်ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်း ဆိုင်ရာ အထောက်အပံ့၊ ရွှေ့လျားနိုင်သောအထောက်ကအကူပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများတာဝန်ခံဆောင်ရွက်ခြင်းနှင့် အသက်ရှင် ကျန်ရစ်သူ/ မိုင်းဒဏ်သင့်သူ များ၏ လိုအပ်ချက်ကို စည်းရုံး တိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့်တင်ခြင်း။ |
| World Education | နိုင်ငံတကာအဖွဲ့အစည်း | ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း၊ ဆေးဝါးနှင့် အသက်မွေး ဝမ်းကြောင်းရံပုံငွေများအသုံးပြုခွင့်ရှိခြင်း၊ အသက်ရှင် ကျန်ရစ်သူ/ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ ဆိုင်ရာ အကူအညီပေးခြင်းနှင့် စည်းရုံးတိုက်တွန်းခြင်းများဆိုင်ရာ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်း။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း** | နိုင်ငံတကာ အဖွဲ့အစည်း / အမျိုးသားအဖွဲ့အစည်း | ဘားအံခြေတုလက်တု တပ်ဆင် လေ့ကျင့်ရေးဌာနနှင့် ရပ်ဝေး ဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေး အတွက် ထောက်ပံ့ ပေးသည်။ |
| ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) | UN | သယ်ယူပို့ဆောင်ခြင်း၊ အသက် မွေးဝမ်းကြောင်းလုပ် ငန်း အစီအစဉ်မှဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း |

| | | |
|---|---|---|
| | | အပါအဝင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ် မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ် သူများအတွက် ဆေးဝါးကုန် ကျစရိတ်နှင့် ပြန်လည်ပြုစု ပျိုးထောင်ရေး အတွက် လွတ်လပ်စွာ အသုံးပြုခွင့် ရှိသော ဘဏ္ဍာငွေ။ |

***အရေးပေါ် နှင့် ဆက်လက်လုပ်ဆောင်နေသော ဆေးဝါးအထောက်အပံ့***

မြန်မာနိုင်ငံ၏ ကျန်းမာရေးအခြေအနေသည် ဆယ်စုနှစ်ပေါင်းများစွာကြာ ဖြစ်နေသော တိုင်းရင်းသား ပဋိပက္ခ၊ ဗဟိုဦးစီးဆုံးဖြတ်ချက်များ နှင့် ဆရာဝန်များ၊ သူနာပြုများ နှင့် ရပ်ရွာကျန်းမာရေးလုပ်သားများအပါအဝင် ကျန်းမာရေးပညာရှင်များ အစုလိုက်အပြုံလိုက် တိုင်းပြည်မှ စွန့်ခွာမှုများ၏ သတ်ရောက်မှု ခံနေရသည်။ ဆေး၊ ဆေးဖက်ဆိုင်ရာ ကရိယာများ နှင့် ဆေးရုံ ဆေးပေးခန်းစုတင်အလုံအလောက်မရှိပေ။ ဆေးရုံ အဆောက်အအုံများသည် ယိုယွင်းပျက်ဆီးနေပြီး၊ ပြန်လည်မွန်းမံခြင်း လုပ်ဆောင်ရန် လိုအပ်နေသည်။ ကျန်းမာရေး အဆောက်အအုံများအတွင်း လျှပ်စစ်ဓါတ်အား အလုံအလောက်ရှိမှုအတွက်လည်း စိန်ခေါ်ချက်တစ်ခု ဖြစ်နေသေးသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်နေသောဒေသများအတွင်း နှင့် ဝေးလံခေါင်သီသော ဒေသများအတွင်း နေထိုင်သော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရန် "၂ ရက် ၃ရက် လမ်းလျှောက်ရသည်။"တိုင်းရင်းသားများနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့များမှ တာဝန်ပေးခန့်အပ်သော ကျန်းမာရေး လုပ်သားအများစုသည် ကနဦး သင်တန်းများ တက်ရသည်။ ထို့နောက် မယ်တော်ဆေးပေးခန်း သို့မဟုတ် တခြား တိုင်းရင်းသား ကျန်းမာရေး ဆေးပေးခန်းများမှ ဆေးဖက်ဆိုင်ရာကြီးကြပ်မှုနှင့်အတူ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှု ဆွေးနွေးပွဲများ ရံဖန်ရံခါ တက်ရသည်။ မြေမြုပ်မိုင်း ဒေသအတွင်း တာဝန် ထမ်းဆောင်နေသော ဆေးမှူးများသည် ထိခိုက်ဒဏ်ရာအတွက် သီးခြားသင်တန်းများ ပိုတက်ရသည်။ [81]

မြန်မာနိုင်ငံတွင်သ် ကျန်းမာရေးစနစ် နှစ်ခုအပြိုင်ဖြစ်နေသည်။ အထူးသဖြင့် ပဋိပက္ခသတ်ရောက်မှုရှိသော ဒေသများတွင်ဖြစ်ပြီး၊ ဗဟိုအစိုးရဝန်ဆောင်မှု နှင့် ဒေသခံ တိုင်းရင်းသား လူမှုအသိုင်းအဝန်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှု ပေးသူများဟူ၍ကွဲပြားသည်။ ကျန်းမာရေးလုပ်ငန်းစုပေါင်းအဖွဲ့ (HCCG) သည် ကျန်းမာရေးစနစ်ပိုကောင်းမွန်လာရေး ဆက်လက် ဦးတည်ဆောင်ရွက်နေသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ လေးဖွဲ့ နှင့် လူထုအခြေပြု ကျန်းမာရေး အဖွဲ့လေးဖွဲ့ ပါဝင်သည်။ မြန်မာနိုင်ငံဆေးပညာရှင်အသင်း၊ နယ်လှည့်ကျောပိုးအိတ် ဆေးလုပ်သားများ အဖွဲ့၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကရင်နီ ရွှေ့ပြောင်းကျန်းမာရေး ကော်မတီ၊ မယ်တော် ဆေးပေးခန်း၊ မွန်အမျိုးသားကျန်းမာရေးကော်မတီ၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ နှင့် ရှမ်းကျန်းမာရေးကော်မတီတို့ ဖြစ်သည်။ [82]

၂၀၁၆ ခုနှစ် မတ်လတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ထိုင်းမြန်မာနယ်စပ်အခြေပြု လူမှုအသိုင်းအဝိုင်း ကျန်းမာရေး အဖွဲ့အစည်းများ၊ ဆေးဖက်ဆိုင်ရပညာရှင်များ၊ ပညာရှင်များ၊ရှေ့နေများနှင့် တခြား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း ၉ ၀ ကျော်သည် "မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲမှု၊ ဗဟိုဦးစီးချုပ်ကိုင်မှုမရှိသောကျန်းမာရေးစနစ်ဆီသိုဦးတည်ခြင်း" နီးနောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ကြသည်။ နီးနှော ဖလှယ်ပွဲကြီးက မြန်မာနိုင်ငံအစိုးရသစ် နှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအတွက် ကျန်းမာရေး မူဝါဒ

[81] BPHWT, " မြန်မာနိုင်ငံနိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူများနှင့် အကာအကွယ်မဲ့ပြည်သူများအတွက် အခြေခံကျန်းမာရေးထောက်ပံ့ခြင်း။ ဇန် ၂၀၁၆။ နှင့် မြန်မာနိုင်ငံ၏ကျန်းမာရေးအခြေအနေအဆိုးဆုံးအခြေအနေသို့ရောက်။" ကရင်သတင်းစဉ် ၊၂၈ ဖွန် ၂၀၁၃။

[82] Health Convergence Core Group, "Community health: We care for our own," Myanmar Times, 29 March 2016; Bill Davis and Kim Jolliffe, "Achieving Health Equity in Contested Areas of Southeast Myanmar," The Asia Foundation and Myanmar Development Research Institute – Centre for Economic and Social Development, Policy Dialogue Brief Series No. 12, June 2016; HISGW, "About Us: Health Convergence Core Group," HISGW, "မိမိတို့အကြောင်း၊ ကျန်းမာရေးစုပေါင်းအကူအညီအဖွဲ့၊" ရက်စွဲမသိရ။ မြန်မာနိုင်ငံကျန်းမာရေးအသင်း။ "၅ ကြိမ်မြောက်ကျန်းမာရေး စုပေါင်းအကူအညီအဖွဲ့ အစည်းအဝေး။" ၂၁ ဩဂုတ် ၂၀၁၄။ Bill Davies, Tara Russell, နှင့် စောဝင်းကျော်, "အပစ်အခတ်ရပ်စဲရေး နှင့်ကျန်းမာရေး။ မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်း ကောင်းမွန်သောကျန်းမာရေးအတွက် စိန်ခေါ်ချက်များနှင့် အခွင့်အလန်းများ။ ၂၅ ဇူလိုင် ၂၀၁၅။ နှင့် အသွင်းကူးပြောင်းခြင်း၊ ထိစပ်မှု၊ အပြောင်းအလဲနှင့် စိန်ခေါ်ချက်များနှင့် မြန်မာနိုင်ငံ။ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တင်သွင်းသော စာတမ်း။ ချင်းမိုင်။ ၂၄ - ၂၆ ဇူလိုင် ၂၀၁၅။

နှင့် ကျန်းမာရေးစနစ်အကြံပြုချက်များကို ပြုစုခဲ့သည်။ နီးနှောဆွေးနွေးပွဲတက်ရောက်သူများက အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးနေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်နွယ်သော လူသားချင်းစာနာသော လုပ်ငန်းများအကြောင်းကိုပါ ဆွေးနွေးခဲ့ကြသည်။[83]

### *ခြေတုလက်တုတပ်ဆင်ခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး*

ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများသည် အဓိကမြို့ကြီးများတွင် တည်ရှိပြီး ခရီးစရိတ် အကုန်အကျများသောကြောင့် မသန်စွမ်းသူများ အနေဖြင့် အထူးသဖြင့် ကျေးလက်ဒေသနေသူများအတွက် ၎င်းဝန်ဆောင်မှုများကို အသုံးပြုရန် အခက်အခဲကြီးစွာ ရင်ဆိုင်ရသည်။[84]

၂၀၁၅ ခုနှစ်တွင် ICRC သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ICRC ပူးတွဲ လည်ပတ်သော ဘားအံ အရိုးကုသမှု ပြန်လည်ပြုစုပျိုးထောင်ရေးဌာန (HORC) ကို ဆက်လက် ထောက်ပံ့ခဲ့သည်။ မန္တလေး၊ ရေနံ့သာ မြို့များအတွင်း ခရီးသွားလာရခက်ခဲသော ဒေသခံပြည်သူများအတွက် ကျန်းမာရေး ဝန်ကြီး ဌာနက ဖွင့်လှစ်ထားသော ဌာနသုံးခုကို ထောက်ပံ့ရန် ဖြစ်သည်။ ICRC သည် အကူအညီအလိုအပ်ဆုံး လူနာများအတွက် လမ်းစရိတ် နှင့် ကုသမှုစရိတ်များ ထောက်ပံ့ပေးခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း ICRC ကထောက်ပံ့ပေးသော ဝပ်ရှော့များမှ ခြေတု လက်တု တပ်ဆင်ပေးမှု ၄၄ ရာခိုင်နှုန်းသည် မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲ ပစ္စည်းများ ထိခိုက်ခံ အသက်ရှင်ကျန်ရစ်သူများ ၈၀၂၂ ဦးအနက် ၃၅၁ ဦး) အတွက် ဖြစ်ခဲ့သည်။ ယခင်နှစ်နှုန်း (၄၉ ရာခိုင်နှုန်း သို့မဟုတ် ၁၀၂၇ ဦးအနက် ၅၀၂ ဦး) နှင့်ယှဉ်ကြည့်ပါက လက်တွေ့တွင် ကျဆင်းလာသည်ကိုတွေ့ရသည်။ ၂၀၁၅ ခုနှစ်အတွင်း ICRC ၏ ရွှေ့ပြောင်းပြုပြင်ရေး လူထုဆက်ဆံရေးဝန်ဆောင်မှုသည် ခြေတုပေါင်း ၁၃၀၀ ကျော်ကို ပြင်ဆင်ပေးခဲ့သဖြင့် လုပ်ငန်းဆောင်ရွက်မှု မြင့်တက်လာသည်။ ထို့အပြင် ICRC သည် ကျေးရွာစေတနာ့ဝန်ထမ်းခြေတု ပြင်ဆင်သူဦးရေ တိုးမြင့်၍ လေ့ကျင့် တပ်ဆင်ပေးခဲ့သည်။ [85]

ကျန်းမာရေးဝန်ကြီးဌာနသည် ICRC မှ တင်ပြသော ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဌာန နှစ်ခု တည်ဆောက်ခြင်းကို သဘောတူခွင့်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် မြစ်ကြီးနား (ကချင်ပြည်နယ်)တွင် တစ်ခု နှင့် ၂၀၁၆ ခုနှစ် ကျိုင်းတုန် (ရှမ်းပြည်အရှေ့ဖက်) တွင် တစ်ခု တည်ဆောက်ရန် ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားနေသော ဒေသများအတွင်း ဝန်ဆောင်မှုလိုအပ်ချက်မြင့်မားလာခြင်းကို ဖြေရှင်းရန်အတွက် ထိုဌာနများလိုအပ်ခြင်းဖြစ်သည်။ [86]

DanChurchAid (DCA) သည် တခြားနေရာများတွင် အလားတူဝန်ဆောင်မှုများ မရရှိနိုင်သော သို့မဟုတ် အနည်းငယ်သာ ရရှိနိုင်သော မြေမြှုပ်မိုင်းအသက်ရှင်ကျန်ရစ်သူများအတွက် ရွှေ့ပြောင်းခြေတုလက်တု တပ်ဆင်ပေးရေး ဆေးခန်းတခုဖွင့်လှစ်လည်ပတ်သည်။[87] အနာကြီးရောဂါသည် အကူအညီပေးရေးမစ်ရှင်ကလည်း ပြန်လည်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးသည်။ [88]

---

[83] HCCG "***Statement of Burma Health System Reform Seminar***," Burma Partnership, 30 March 2016.

[84] ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ခုနှစ်," Geneva, 2014, p. 52.

[85] The ICRC's ရွှေလျား ပြင်ဆင်ရေး ဝပ်ရှော့သည် ကရင်ပြည်နယ်တွင် မြို့နယ်လေးခု၊ကယားပြည်နယ်တွင် မြို့နယ်သုံးခု၊ ပဲခူးတိုင်းအရှေ့ခြမ်းတွင် မြို့နယ်၁၁ ခု၊တနင်္သာရီတိုင်းဒေသကြီးတွင်မြို့နယ်၇ ခု၊မွန်ပြည်နယ်တွင် မြို့နယ် ၅ ခုပြင်ဆင်မှုများပြုလုပ်ပေးခဲ့သည်။ ၂၀၁၅ခုနှစ် ပဲခူးအရှေ့ခြမ်းနှင့်တနင်္သာရီအတွင်း မြို့နယ်လေးခုတွင် ကျေးရွာစေတနာဝန်ထမ်းစက်ပြင်များ ပြင်ဆင်ပေးခဲ့သည်။ Didier Reck, Physical Rehabilitation Programme Manager မှအီးမေး။ 7 June 2016; နှင့် ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၅," Geneva, 2016, p. 346; and ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄," Geneva, 2015, p. 293.

[86] "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်," Geneva, 2014, p. 58

[87], ‘‘ "ဂျာမန်ဖယ်ဒရယ်နိုင်ငံခြားရေးရုံးသည် DanChurchAid သို့အလှူငွေမှတဆင့် မြေမြှုပ်မိုင်းသင့်ပြည်သူများကို အကူအညီပေး။ ၁၈ စက်တင်ဘာ ၂၀၁၃ နှင့် DCA, "DCA Mine Action in Burma/Myanmar," "DCA Mine Action in Burma/Myanmar," ရက်စွဲမရှိ

[88] သီရိဟန်, "Suddenly, there was an explosion," Frontier Myanmar, 10 August 2016.

Exceed Worldwide (ယခင်က Cambodia Trust) အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးတွဲ၍ ရန်ကုန်မြို့ အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဆေးရုံတွင် ခြေတုလက်တုဆေးပေးခန်းတစ်ခု ဖွင့်လှစ်လည်ပတ်သည်။ Exceed Worldwideသည် ရန်ကုန်မြို့ ဆေးပညာတက္ကသိုလ်ရှိ မြန်မာနိုင်ငံ ခြေတုလက်တု စာသင်ကျောင်း အတွက်ပါ ငွေကြေးထောက်ပံ့ပေးသည်။ ၂၀၁၅ ခုနှစ်ဇန်နဝါရီလတွင် ပထမဦးဆုံး အပတ်စဉ်ကျောင်းသားများ ဆည်းပူးခဲ့သည်။ Exceed Worldwide သည် ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဖွင့်လှစ်ရန် စီစဉ်ထားသော မန္တလေးခြေတုလက်တုဆေးရုံအတွင်း ခြေတုဆေးပေးခန်းအသစ်ကိုလည်း တည်ဆောက် နေသည်။.[89] မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်နစ်နာခဲ့ရသူများအတွက် အမျိုးသားပြန်လည်ပြုစု ပျိုးထောင်ရေးဆေးရုံမှ ကူညီထောက်ပံ့ပေးခဲ့သော ခြေတုအရေအတွက်နှင့်ပတ်သတ်သော သတင်းအချက် အလက်မရှိပေ။

MPHA သည် ရန်ကုန်မြို့ ငှင်းရုံးခန်းရှိ အသေးစားအလုပ်ရုံမှ ခြေတုများ ထုတ်လုပ်သည်။ [90]

HI နှင့် MPHA သည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မသန်စွမ်းသူများအကူအညီပေးခြင်း အစီအစဉ် တစ်ခုကို ပူးတွဲ ဖန်တည်းခဲ့သည်။ ထိုအစီအစဉ်မှ ဒေသခံ နစ်နာသူများအကူအညီပေးဌာန တစ်ခုကို အောက်ပါလုပ်ငန်းများအတွက် တည်ထောင်ခဲ့သည်။

- CRPD နှင့် မသန်စွမ်းသူများအခွင့်အရေး မြန်မာနိုင်ငံ၏ ဥပဒေများမှ မိုင်းကြောင့် အသက်ရှင်ကျန်ရစ်သူများနှင့် တခြားမသန်စွမ်းသူများ၏ အခွင့်အရေးများကို မြှင့်တင်သော သတင်းအချက်အလက်များ
- အသက်ရှင်ကျန်ရစ်သူများနှင့် တခြားမသန်စွမ်းသူများ လူမှုရေးပါဝင်မှုကို မြှင့်တင်ရန် လူမှုစုဆည်းတွေ့ဆုံမှုများ စီစဉ်ခြင်း။
- ဝန်ဆောင်မှုလမ်းညွှန်ဖန်တည်းခြင်း။
- လေ့ကျင့်သင်ကြားပေးထားသော စေတနာဝန်ထမ်း ၉ ဦးမှတဆင့် အိမ်တိုင်ရာရောက် သူငယ်ချင်း အချင်းချင်း စိတ်ပိုင်းဆိုင်ရာအကူအညီပေးခြင်း။
- ICRC လေ့ကျင့်သင်ကြားပေးထားသော စေတနာဝန်ထမ်း ၄ ဦးမှတဆင့် တစ်ဦးချင်းစီနှင့်ကိုက်ညီသော အထောက်အကူပြုပစ္စည်းများ၊ ခြေတု၊ လက်တုများကို လူထုအခြေပြု ပြင်ဆင်ခြင်း နည်းလမ်းများ။

ထိုအစီအစဉ်ကို ၂၀၁၆ ခုနှစ် နှစ်လယ်ခန့်တွင် ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့သည်။ နစ်နာခဲ့ရသူ အကူအညီ ပေးရေး ဌာနအသစ်တစ်ခုကို ကရင်ပြည်နယ် ကော့ကရိတ်၊ ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ကော့ကရိတ်ပရောဂျက်သည် မြေမြှုပ်မိုင်း/စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများထိခိုက် နစ်နာခဲ့ရသူများအပါအဝင် မသန်စွမ်းသူပေါင်း ၁၅၀၀ အတွက် ပစ်မှတ် ထားသည်။ [91]

---

[89] Exceed Worldwide, "The Myanmar School of prosthetics And Orthotics: MSPO," undated; and Exceed Worldwide, "Annual Report 2014-2015," undated, pp. 16–17.

[90] MPHA, "MPHA Activities," 2015.

[91] HI" ပဲခူးတိုင်းအရှေ့ခြမ်းကျောက်ကြီးမြို့နယ်အတွင်း မသန်းစွမ်းအစီအစဉ်များမှ နစ်နာသူများအကူအညီပေးခြင်း၊ သင်ခန်းစာယူခြင်းစာတမ်း။" ဧပြီ ၂၀၁၆။ Yann Faivre, Country Director, HI – Myanmar နှင့် အင်တာဗျူး။ ရန်ကုန် ၉ ဇွန် ၂၀၁၆။ Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။

HP သည် နစ်နာခဲ့သူရသူများ အကူအညီပေးရေးဌာန အဖွဲ့ဝင်များ၊MPHA စီမံခန့်ခွဲမှုဝန်ထမ်းများနှင့် ပူးပေါင်းကာ တစုံလုံးမဟာဗျူဟာနှင့် ပရောဂျက်လုပ်ငန်းများ ပြင်ဆင်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲပေါင်းများစွာ စီစဉ်ခဲ့သည်။ နနစ်နာခဲ့ရသူများအကူအညီပေးရေးဌာန စီမံခန့်ခွဲမှုအဖွဲ့အတွက် လူသစ်တန်း လူထုစည်းရုံးရေးသင်တန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။ ကျေးရွာအတွင်း လုပ်ငန်းများအကောင်အထည်ဖေါ်ရာတွင် လေးစားသမှုဖြင့် ဆောင်ရွက်ရန်၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အစီရင်ခံခြင်း စနစ်များကို အဓိကအားရုံထား ဆွေးနွေးခဲ့ကြသည်။ [92]

World Education အဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ မိုင်း/စစ်အတွင်းကြွင်းကျန်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် ခြေတုအလုပ်ရုံတစ်ခု ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နစ်နာခဲ့သူများအကူအညီပေးခြင်းနှင့် မသန်စွမ်းသူများအစီအစဉ်ကို ဖွင့်လှစ်ခဲ့သည်။ မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူများ၊ တခြား မသန်စွမ်းများနှင့် ၎င်းတို့ မိသားစုဝင်များအတွက် အောက်ပါ အကူအညီများပေးသည်။

- မသန်စွမ်းသူများ နှင့် မြေမြုပ်မိုင်းကြောင့်အသက်ရှင်ကျန်ရစ်ခဲ့သူများကို ကူညီပေးနေသော ဒေသခံ အဖွဲ့အစည်းများအတွက် စွမ်းရည်နှင့် အားလုံးပါဝင်မှုမြင့်မားလာရေး ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများအကြား စည်းရုံးတိုက်တွန်းခြင်း။
- ဆေးဝါးကုသခွင့်၊ စီးပွားရေးလုပ်ငန်းများအတွင်း ပါဝင်နိုင်မှုအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ငွေကြေးအကူအညီရရှိခွင့်၊ လူမှုဖူလုံရေးဌာန၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ DPO များနှင့် တခြား ဝန်ဆောင်မှုပေးသူများအပါအဝင် မသန်စွမ်းသူများအရေးဆောင်ရွက်သူများနှင့် ကွန်ယက် တည်ဆောက်ခြင်းနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းများ။ [93]

ငြိမ်းချမ်းသော မြန်မာအကူအညီပေးရေးဖောင်ဒေးရှင်းက ပဲခူးတိုင်း အရှေ့ခြမ်း ရွှေကျင်မြို့နယ်အတွင်း ခြေတုလက်တု ထောက်ပံပေးသော ရွှေ့ပြောင်း ခြေတုလက်တု ဝပ်ရှော့တခု ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။. [94]

## *စိတပိုင်းဆိုင်ရာအထောက်အပံ့*

၂၀၁၅ခုနှစ် မတ်လတွင် လူထုအခြေပြုခြေတုလက်တု ဝန်ဆောင်မှု အဖွဲ့တစ်ခုနှင့်ပူးပေါင်း၍ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့အစီအစဉ်တခုကို အသက်ရှင်ကျန်ရစ်သူများအတွက် Handicap International၊ MPHA နှင့် ICRC က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပူးတွဲ အစီအစဉ်မှတဆင့် ပဲခူးတိုင်းအရှေ့ပိုင်း ကျောက်ကြီးမြို့နယ် အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးရေးဌာနကို ဖန်တီးခဲ့သည်။ ထိုအစီအစဉ်မှ အသက်ရှင်ကျန်ရစ်သူများနှင့် တခြားမသန်စွမ်းသူ ၈၃ ဦးအတွက် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်းအစီအစဉ် ၂၀၃ ကြိမ် ပြုလုပ်ပေးခဲ့သည်။ [95]

## *စီးပွားရေး နှင့် လူမှုရေးဆိုင်ရာပေါင်းစပ်မှု*

မသန်စွမ်းသူများနှင့်ပတ်သက်၍ နားလည်မှု အားနည်းခြင်း အခြေခံအဆောက်အအုံ အသုံးပြုနိုင်မှု စနစ် ညံ့ဖျင်းသောကြောင့် မသန်စွမ်းသူများအတွက် ပညာသင်ခွင့်နှင့် အလုပ်အကိုင်ရခွင့် ခက်ခဲသည်။ ၂၀၁၅

---

[92] Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။

[93] World Education, "Victim Assistance and Disability Program in Kayah State," ရက်စွဲမသိရ။

[94] James Nickerson, "The tragedy of landmine warfare in Myanmar," Al Jazeera, 30 October 2016; နှင့် ဗိုလ်မှူးကြီးသန့်စင်၊ ဒါရိုက်တာ ၊Peace Myanmar Aid Foundation ထံမှ အီးမေး၊25 September 2014.

[95] Yann Faivre, ထံမှ အီးမေး၊ HI, 29 October 2015.

ခုနှစ်အတွင်း Work Education အဖွဲ့သည် ကရင်ပြည်နယ်အတွင်း မြေမြှုပ်မိုင်းကြောင့် အသက်ရှင် ကျန်ရစ်ခဲ့သူများနှင့် တခြားမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် အသေးစား စီးပွားရေး အစပြုအထောက်အပံ့များ ကူညီပေးခဲ့သည်။ [96]

အကူအညီ နှင့်ကယ်ဆယ်ထောက်ပံ့ရေး အသင်း (AAR – Japan)၊ မသန်စွမ်း သူများအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းဌာနမှ စက်ချုပ်သင်တန်း၊ ဆံပင်အလှပြင် သင်တန်း၊ ကွန်ပြူတာသင်တန်းများကို ရန်ကုန်မြို့တွင် အခမဲ့ သင်ကြားပေးသည်။ သင်တန်းသား အများစုမှာ မြေမြှုပ်မိုင်းကြောင့် အသက်ရှင်ကျန် မသန်စွမ်းဖြစ်ရသူများ သို့မဟုတ် ပိုလီယိုကြောင့် မသန်စွမ်းသူများ ဖြစ်သည်။ ဌာနသည် စီးပွားရေးအရ သီးခြား လွတ်လပ်စွာ ရပ်တည်နိုင်ရန်၊ အလုပ်အကိုင်ရရန်၊ ကိုယ်ပိုင်ဆိုင်ဖွင့်ရန်၊ သင်တန်းတွင် ဆရာဖြစ် ပြန်လည် ဆောင်ရွက်နိုင်ရန်အတွက် ကူညီပေးသည်။ [97]

မသန်စွမ်းသော ကျောင်းသားများ ပညာရေးအခွင့်အလမ်း အနည်းအကျဉ်းသာရှိသဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့အတွက် မျှော်မှန်းချက် နည်းပါးသည်။ ဆရာဆရာမများ၏စွမ်းရည်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်ပေးရန် အပါအဝင် အသိပညာပေးခြင်းနှင့် အလွယ်တကူ ရရှိနိုင်ခြင်းများ လိုအပ်သည်။[98]

## *ဥပဒေများ နှင့် မူဝါဒများ*

မကြာသေးမီကာလအထိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခန့်အပ်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး နှင့် တခြား အစိုးရဝန်ဆောင်မှုလုပ်ငန်းများတွင် အထောက်အပံ့ ရယူရာတွင် ခွဲခြားဆက်ဆံမှုမရှိရဟူသော သီးခြားပြဋ္ဌာန်းထားသည့် ဥပဒေမရှိသေးပေ။ အစိုးရတွင်လည်း ထိုသူများအတွက် ကောင်းမွန်သော အကာအကွယ်ပေးမှု မရှိပေ။ မသန်စွမ်းသူများတွက် အကူအညီပေးနိုင်သော တရားဝင် အရင်းအမြစ်တချို့သာ ရှိသည်။ မသန်စွမ်းသူများသည် လူမှုရေးအရ အငြိုငြင်ခံရမှု၊ ခွဲခြားဆက်ဆံမှုများ ခံနေရသည့်အပြင် အရပ်သားနှင့် အစိုးရအရာရှိများ၏ အနိုင်ကျင့်မှုကိုပါ ခံနေရကြောင်း တင်ပြမှုများ ရှိခဲ့သည်။ [99] ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများအခွင့်အဆိုင်ရာ ဥပဒေကို အတည်ပြုခဲ့သည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေအတွက် နည်းဥပဒေများရေးဆွဲခြင်း လုပ်ငန်းစဉ်ကိုလည်း ထိုနေ့တွင် စတင်ခဲ့သည်။ [100]

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် CRPD သဘောတူညီချက်အရ ဥပဒေပြုမှုတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်မှုရှိစေရန်အတွက် နည်းဥပဒေရေးဆွဲခြင်း ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ မသန်စွမ်းသူများကောင်စီ ပါဝင်မှုနှင့်အတူ ကျင်းပခဲ့သည်။ [101]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင်အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရ မသန်စွမ်းသူများအတွက် အခွန်လွတ် ထောက်ပံ့ငွေ ပေးသည်ဟု မှုအားဖြင့် ရှိသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ မသန်စွမ်းဖြစ်ခဲ့သူများအတွက် အစိုးရက အလုပ်အကိုင်ကာကွယ်ပေးမှု မပေးပေ။ ၂၀၁၃

---

[96] ဒါရိုက်တာမခင်မာအောင် World Education ထံမှ အီးမေး။ ၁၂ ဇွန်၊၂၀၁၆။ နှင့် World Education, ကယားပြည်နယ်အတွင်း မသန်းစွမ်းသူများပရောဂျက်မှ နစ်နာသူများအကူအညီပေးခြင်း ရက်စွဲမသိရ။

[97] AAR Japan, "Activities in Myanmar (Burma)," ရက်စွဲမသိရ။.

[98] Myanmar Education Consortium, "Inclusive education," ရက်စွဲမသိရ။.

[99] အမေရိကန်နိုင်ငံခြားဝန်ကြီးဌာန၊ "လူ့အခွင့်အရေးဆောင်ရွက်မှုများ ၂၀၁၄ခုနှစ် နိုင်ငံအလိုက်အစီရင်ခံစာများ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ ၂၅ ဇွန် ၂၀၁၅, "2014 Country Reports on Human Rights Practices: Burma,"

[100] မသန်းစွမ်သူများအခွင့်အရေးဥပဒေ ၂၀၁၅။ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၃၀၊ နယုန်လဆုတ်၄ ရက်၊ ၁၃၇၇ ခုနှ်၊ဇွန် ၅ ၂၀၁၅။

[101] Yann Faivre ထံမှအီးမေး၊ HI, 29 October 2015.

ခုနှစ် မတ်လတွင် ထိခိုက်ဒဏ်ရာသူ စစ်သားများနှင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများကို အကူအညီပေးသည့် ဥပဒေတခု အစိုးရက ပြဌာန်းခဲ့သည်။[102] ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် မြန်မာနိုင်ငံသည် အမျိုးသားလူမှုရေးဆိုင်ရာ အကာ အကွယ်ပေးရေး မဟာဗျူဟာစီမံကိန်းကို ပြဌာန်းကာ စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် အစတွင် မသန်စွမ်း သူများ သတ်မှတ်ထားခြင်းခံရသူအားလုံးကို ယင်းအစီအစဉ်မှ မသန်စွမ်းသူများအား ထောက်ပံ့ငွေ ပေးမည် ဖြစ်သည်။ မသန်စွမ်းသူများထောက်ပံ့ငွေသည် ကလေးတဦးအတွက် လစဉ်ထောက်ပံ့ငွေ ၁၆၀၀၀ ကျပ် ( ၁၃ ဒေါ်လာ) နှင့် အသက် ၆၄ နှစ် အထိ လူကြီးတဦးအတွက် တလ ထောက်ပံ့ငွေ ၃၀၀၀၀ ကျပ် (၂၅ ဒေါ်လာ) ဖြစ်သည်။ ၎င်း အစီအစဉ်ကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနမှ တနိုင်ငံလုံး အတိုင်း အတာ ဖြင့် တာဝန်ယူအကောင်အထည် ဖော်မည် ဖြစ်သည်။[103]

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် CRPD ကို သဘောတူ လက်မှတ်ရေး ထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် စာချုပ် အသက်ဝင်ခဲ့သည်။ MPHA သည် မြန်မာနိုင်ငံအတွင်း CRPD သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရန် အစီရင်ခံစာတင်ရန်အတွက် DPO များ၏ လုပ်နိုင်စွမ်းမြှင့်တင်ခြင်းအတွက် ဒုတိယနှစ်စာ ဘဏ္ဍာငွေ ရရှိခဲ့သည်။ ထို့အပြင် CRPD ကော်မတီသို့ အစားထိုးအစီရင်ခံစာ (Shadow report) ပြင်ဆင်ခြင်းအတွက်ပါ ဘဏ္ဍာငွေ ရရှိခဲ့သည်။ [104]

## *ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများအတွက် မိုင်းဒဏ်သင့်အကူအညီ*

ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကြသော မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်း အသက်ရှင်ကျန်ရစ်သူများ သည် မဲဆောက်မြို့ရှိ မယ်တော်ဆေးပေးခန်းတွင်သော်လည်းကောင်း ICRC မှတဆင့်လွှဲပြောင်းပေးခြင်းဖြင့် ထိုင်းမြန်မာ နယ်စပ်နှင့်ထိစပ်သော ခရိုင်ပြည်သူ့ဆေးရုံများတွင် လည်း ဆေးဝါးကုသမှု ခံယူနိုင်သည်။ [105]

## မိုင်းအရေးဆောင်ရွက်ခြင်း

*ဖြန့်ကျက်တည်ရှိမှု။* မိုင်းများ၊လူသတ်မိုင်းများ (ပမာဏ အတိအကျ မသိရသော်လည်း ပေါက်ကွဲအားပြင်းထန် သောမိုင်းများ) နှင့် စစ်အတွင်းကြွင်းကျန်သော ပေါက်ကွဲစေသောပစ္စည်းများ (ERW)။

## *လုပ်ငန်း အကြံပြုချက်များ*

- မြန်မာနိုင်ငံသည် မိုင်းအရေးဦးတည်လုပ်ငန်းများအတွက် တရားဝင်ဆုံမှတ်တခု ပေးနိုင်ရန် မိုင်းအရေးဆောင်ရွက်မှု ဌာနတစ်ခု ဖွင့်လှစ်သင့်သည်။ မိုင်းဖြန့်ကျက်တည်ရှိမှု နှင့် နစ်နာရသူများဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းနည်းလမ်းများ ရှာဖွေရန် သက်ဆိုင်ရာပါဝင်သူများဖြင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းများကိုပါ လုပ်ဆောင်သင့်သည်။

---

[102] အမေရိကန်နိုင်ငံခြားဝန်ကြီးဌာန၊ "လူ့အခွင့်အရေးဆောင်ရွက်မှုများ ၂၀၁၄ခုနှစ် နိုင်ငံအလိုက်အစီရင်ခံစာများ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ ၂၅ ဇွန် ၂၀၁၅

[103] ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ "မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။" ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသန်စွမ်း သူများဥပဒေ မပြဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည် ဖေါ် မည်။

[104] Disability Rights Fund, "Myanmar: Archives" undated; and Disability Rights Fund, "Our Grantees: Myanmar Physically Handicapped Association," 2016.

[105] ပိုမိုသိရှိလိုပါက , ICBL-CMC Country Profiles on Thailand ကိုကြည့်ပါ။

## မိုင်းပြန့်ကျက်တည်ရှိမှု

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရသည့်အချိန်မှစ၍ တပ်မတော်နှင့် လူနည်းစု တိုင်းရင်းသားများနှင့် ဆက်နွယ်သော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊တရုတ် နှင့် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများထောင်ထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဆယ်ခုအတွင်း ရှိ မြို့နယ် ၆၀ ခန့် (စုစုပေါင်း ၃၂၅ မြို့နယ်အနက်) သည် မိုင်းပျံ့နှံ့မှု အတိုင်းအတာတစ်ခုအထိရှိနေပြီး အထူးသဖြင့် လူသတ်မိုင်းများ အန္တရာယ်ကို ခံစားနေရသည်ဟု ယုံကြည်ရသည်။[106] ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီးများသည် မိုင်းပြန်နှံ့မှု အများဆုံး နေရာများဖြစ်ပြီး မိုင်းထိသူအမြင့်ဆုံးမှတ်တမ်းတင်ထားသော နေရာများလည်း ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်များနှင့် အိန္ဒိယ နယ်စပ်အနီး မြို့နယ်များကို သံသယရှိဖွယ် အန္တရာယ်များသော ဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် ယူဆထားသည်။ [107]

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ချီဖွေ၊ ဖားကန့်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ဆင်ဘို၊ ဆော့လော်နှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ ကွမ်းယန်၊ ကျောက်မဲ၊ လန်ခို၊ လွိုင်လင်၊ မောက်မိုင်၊မိုင်းရှူး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ရှာငံ
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်။ ပလက်ဝ

---

[106] မြန်မာနိုင်ငံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများဟူ၍ ပိုင်းခြားသည်။ တိုင်းရင်းသားများနေထိုင်ရာကို ပြည်နယ်များဟူ၍ သတ်မှတ်သည်။ တိုင်းရင်းသားအုပ်စုအတိအကျမရှိသော တခြားဒေသများကို အုပ်ချုပ်ရေးဒေသကြီးများအဖြစ် သတ်မှတ်သည်။ စစ်အစိုးရဟောင်းသည် ၁၉၈၉ ခုနှစ်တွင် Burma မှ Myanmar သို့ ပြောင်းလဲခဲ့သည်။ ပြည်နယ်တချို့၏ အမည်များကိုလည်း ပြောင်းလဲခဲ့သည်။ တိုင်းရင်းသားအုပ်စုအများစုက Burma ဟူသောအမည်ကို ဆက်လက်ခေါ်ဝေါ်နေဆဲဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများအတွင်း အမည်များကို အများခေါ်သောအမည်များဖြင့် ခေါ်ဝေါ်ကြခြင်း သို့မဟုတ် နဖအအစိုးရပေးသော အမည်ကို ကွင်းအတွင်းထည့်သွင်း၍သော်လည်းကောင်း သုံးစွဲကြသည်။

[107] Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြား အဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခြင်းမှ ရရှိသည့် အချက်အလက်များ ပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ထိခိုက်ဒဏ်ရာရ မှု ဒေတာများ၊ ၂၀၀၈ ခုနှစ် မှ ၂၀၁၅ ခုနှစ် စက်တင်ဘာ အထိ တခြားသတင်းပေးများထံမှ ရရှိသော ဒေတာများ ပါဝင်သည်။.

- စစ်ကိုင်းတိုင်းဒေသကြီး ။ အင်းတော်

၂၀၁၅ ခုနှစ်အတွင်း ပြည်နယ်နစ်ခုတွင် ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့ (DDG) အတွက် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသောပစ္စည်းများ နစ်နာသူ စစ်တမ်းကောက်ယူခဲ့ရာတွင် လွန်ခဲ့သောနှစ်များအတွင်း ထိခိုက်ဒဏ်ရာရမှုအများစုသည် ကယားပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော်လည်း မကြာသေးမီနှစ်များတွင် ထိခိုက်ဒဏ်ရာရမှု နည်းပါးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်ဖြစ်ပွားမှု ၄ ခုနှင့် ၂၀၁၅ ခုနှစ်တွင် ၂ ခုဖြစ်ပွားခဲ့ကြောင်း သုတေသနပြုသူများကို သတင်းပေးခဲ့သည်။ ၂၀၁၁ ခုနစ် တိုက်ပွဲများတဖန်ဖြစ်ပွားခဲ့သော ကချင်ပြည်နယ်တွင် လွန်ခဲ့သော လေးနှစ်အတွင်း မိုင်းပေါက်ကွဲမှု ၉၀ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပြီး၊ လွန်ခဲ့သော ၂ နှစ်အတွင်း ၆၀ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်ဟု လေ့လာမှုများတွင် တွေ့ရှိခဲ့သည်။ အထူးသဖြင့် ၂၀၁၄ ခုနစ်အတွင်းဖြစ်သည်။ မန်ဆီနှင့် မိုးမောက်မြို့နယ်များတွင်း ဖြစ်ပွားမှုအများဆုံးဟု တွေ့ရှိခဲ့သည်။ ထိုဒေသများ အတွင်း တွေ့ရှိခဲ့သော မိုင်းအများစုသည် လက်လုပ်မိုင်းများ၊ တိုက်မိုင်းများဖြစ်ကြောင်း တွေ့ရသည်။[108]

"မိုင်းပျံ့နှံ့မှုသည် ဒုက္ခသည်များနေရပ်ရင်းပြန်လာရေးအတွက် ကြီးစွာသော အဟန့်အတား ဖြစ်နေသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ စီးပွားရေးဖွံဖြိုးတိုးတက်မှုများ၊ မြေယာပိုင်ဆိုင်မှု၊ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများအသုံးပြုခြင်းများအတွက် အဟန့်အတားအဖြစ် ဆက်လက်ရှိနေပြီး၊ ထိုအရာအားလုံးတွင် နောက်ဆက်တွဲ ဖြစ်စဉ်များနှင့် အတိုင်းအတာများ ရှိသည်။ [109]

### *စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ*

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက် ကျည်များ၊ လက်နက်များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက် ရောက်မှုလည်း ခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။[110] ၂၀၁၅ ခုနှစ်နှောင်ပိုင်းနှင့် ၂၀၁၆ ခုနှစ် အစောပိုင်း ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွယ်သော စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ ပျံ့နှံ့မှု အသစ် ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။ [111]

## လုပ်ငန်းအစီအစဉ် စီမံခန့်ခွဲမှု

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သို့သော် ဌာနအတွက် မည်သည့်အခါမှ ဝန်ထမ်းခန့်အပ်ခြင်းမရှိခဲ့ပေ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့်

---

[108] Pascal Simon, " ကရင်ပြည်နယ်နှင့်ကယားပြည်နယ်အတွင်း မြေမြုပ်မိုင်း ERW နစ်နာသူများစစ်တမ်း၊ Danish Refugee Council/Danish Demining Group, 6 March 2015, pp. 7, 14, &18.

[109] "မြန်မာနိုင်ငံတောင်ဖက်ခြမ်းအခြေအနေသုံးသပ်ချက်၊ "မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU Peace Support Fund, September 2016. MIMU သည် ယူအန်ဌာနေ နှင့် လူသားချင်းစာနာသော တာဝန်ခံညှိနှိုင်းရေးရုံးအောက် ယူအန်အခြေစိုက်အလုပ်အဖွဲ့နှင့် လူသားချင်းစာနာသော ဌာနေကိုယ်စားလှယ်အဖွဲ့အတွက် ဆောင်ရွက်ပေးသည်။

[110] ဥပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင့် သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan." ဧရာဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မွန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

[111] ရှု ဥပမာ၊ ၂၀၁၆ ခုနစ် အောက်တိုဘာလတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့တိုက်ပွဲမှ မပေါက်ကွဲပဲကျန်ရစ်ခဲ့သည့်လေကြောင်းဗုံး။ "UPDATE REPORT: Gidon Post Bombarded by Burma Airforce," Free Burma Rangers, 7 October 2016.

မိုင်းရှင်းလင်းခြင်းဆောင်ရွက်ရန်အတွက် တနိုင်ငံလုံးတိုက်ခိုက်မှုရပ်စဲသဘောတူစာချုပ် အရင်ချုပ်ဆိုရန် လိုအပ်သည်ဟု အစိုးရက ပြောခဲ့သည်။ [112]

၂၀၁၆ ခုနှစ် မတ်လအကုန်တွင် MPC ကိုဖျက်သိမ်းခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖြင့် အစားထိုးခဲ့သည်။ တနိုင်ငံလုံးတိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုသည် သူမဦးဆောင်သော အစိုးရအဖွဲ့၏ ဦးစားပေးဟု နိုင်ငံတော်အတိုင်ပင်ခံကောင်စီက ပြောဆိုခဲ့သည်။ NRPC က မည်သည့်အချိန်တွင် MMAC စတင်လည်ပတ်မည်ကို ဖေါ်ပြပြောဆိုခြင်းမရှိပေ။ ၎င်း၏ ပထမဆုံး အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်သူများက မိုင်းအန္တရာယ်နှင့် မိုင်းရှင်းလင်းရေး လိုအပ်ချက်ကို အလေးထားပြောဆိုခဲ့သည်။[113] ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံချိန်တွင် မိုင်းရှင်းလင်းရေးကိစ္စရပ်များကို ဆွေးနွေး ခဲ့သည်။[114] ၂၀၁၆ ခုနှစ်မေလ၊ နေပြည်တော်တွင် ပြုလုပ်သော အမျိုးသားလူငယ်ကွန်ဖရင့်က တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို မိုင်းရှင်းလင်းရန် တောင်းဆိုခဲ့သည်။[115] ထိုနှစ် အတွင်း မိုင်းရှင်းလင်းရေးအတွက် လူထုအခြေပြုအဖွဲ့အစည်းအများအပြားက တောင်းဆိုခဲ့သည်။ (မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းမူဝါဒကိုရှု။)

## စံသတ်မှတ်ချက်များ

၂၀၁၃ ခုနှစ်တွင် MPC မှ အစိုးရကိုယ်စားလှယ်များ နှင့် လူသားချင်းစာနာမှုအရေး ဆောင်ရွက် နေသူများ ပါဝင်သော နည်းပညာအလုပ်အဖွဲ့တခုက အမျိုးသားရေး မိုင်းအရေး ဆောင်ရွက်မှု မဟာဗျူ ဟာ မူကြမ်းနှင့် အမျိုးသားရေးဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက်ဆိုင်ရာ မူကြမ်း များကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ မဟာဗျူဟာ နှင့် စံသတ်မှတ်ချက် များအပေါ် အစိုးရ၏ သဘောတူညီမှု မရရှိသေးပဲ၊ ယခုအချိန်အထိ ၎င်း၏ အဆင့်ကို မသိရသေးပေ။ MPC ၏ စဉ်းစားမှု အောက်တွင်ပင် ဆက်လက်ရှိနေ သေးသည်ဟု ပြောဆိုမှုများ ရှိခဲ့သည်။ [116]

## လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်သူများ

နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်ကြသော APOPO၊ DanChurch အကူ အညီ ပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ်မိုင်းဖေါ်ခြင်းဆောင်ရွက်သူများအဖွဲ့ (DDG)၊ မိုင်းအရေး ဆောင်ရွက် မှု ဆွဇ်ဖောင်ဒေးရှင်း (FSD)၊ HALO Trust အဖွဲ့၊ မိုင်းအရေးအကြံပေးအဖွဲ့ (MAG)နှင့် NPA တို့သည် ၂၀၁၁ ခုနှစ်မှစ၍ ရန်ကုန်တွင် ရုံးခန်းများဖွင့်လှစ်ထားခဲ့ကြသည်။ ၎င်းတို့သည် အစိုးရထံမှသော်လည်း အစိုးရမဟုတ်သော အဖွဲ့များမဟုတ်သော အဖွဲ့အစည်းများထံမှသော်လည်းကောင်း မိုင်းအမှတ်အသားပြုခြင်း၊ ရှင်းလင်းခြင်းအတွက် ခွင့်ပြုချက် မရသေးပေ။ [117]

---

[112] Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

[113] ရှု ဥပမာ။ ငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ) NLD မှ ဒေါ်ဝင့်ဝါထွန်းက ကယားပြည်နယ်မှ သူမ၏ရှားဒေါမြို့အကြောင်းပြောဆိုခဲ့သည်။ မြေမြုပ်မိုင်းများသည်ဒေသခံပြည်သူများ၏ ဘဝရှင်သန်မှုကို ခြိမ်းခြောက်သောကြောင့် ပြည်သူများ မလုံခြုံမှုကို ခံစားနေရသည်။" "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016.

[114] ‘‘C-in-C Senior-General Min Aung Hlaing holds talks with UN Chief, diplomat," Global New Light of Myanmar, 1 September 2016.

[115] ‘‘Youth Empowerment: Myanmar's young people want an active role in the running of their country," Mizzima Weekly, 9 June 2016, p. 22.

[116] "မြန်မာနိုင်ငံတောင်ဖက်ခြမ်းအခြေအနေသုံးစပ်ချက်၊ "မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU Peace Support Fund, September 2016.

[117] Aksel Steen-Nilsen မှအီးမေး။ NPA, ရန်ကုန်, ၂၃ စက်တင်ဘာ ၂၀၁၄.

## မိုင်းနေရာစစ်တမ်းကောက်ယူမှု

၂၀၁၄ ခုနှစ် အစောပိုင်း မွန်နှင့် ကရင်ပြည်နယ်အတွင်း စစ်တမ်းသုံးကြိမ်ကောက်ယူခဲ့ပြီးနောက် NPA သည် ကရင့်အမျိုးသားအစည်းအရုံး (KNU) ၏ တောင်းဆိုချက်ဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် နောက်ထပ် အချက်အလက်ကောက်ယူမှု စစ်တမ်း (NTS) ကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ် စစ်တမ်းတွင် မိုင်းနေရာတခုမှ ရှာမတွေ့ခဲ့ပေ။ ၂၀၁၅ခုနှစ်အတွင်း ပဲခူးတိုင်း ကျောက်ကြီး မြို့နယ်တွင် စစ်တမ်းတစ်ခု၊ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် သုံးကြိမ် ပြုလုပ်ခဲ့ရာတွင် မိုင်းနေရာများ မတွေ့ရှိခဲ့သော်လည်း လွန်ခဲ့သော ၂ နှစ်အတွင်း မိုင်းပေါက်ကွဲမှု ၂၄ ကြိမ်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။[118]

မိုင်းအန္တရာယ်လျော့ပါးရေး ပညာပေးများဆောင်ရွက်ပြီးနောက် MAG သည် ပဲခူးတိုင်းဒေသကြီးအတွင်း လူမှုအသိုင်းအဝန်း နေရာအမှတ်အသားပြုခြင်းများကို ထောက်ပံ့ခဲ့သည်။ ဖြစ်နိုင်ချေရှိသော မိုင်းသင့်ဒေသများ သတ်မှတ်ခြင်း နှင့် သံသယဖြစ်ဖွယ် မိုင်းသင့်နေရာများ ဦးစားပေးခြင်းအတွက် သတင်းအချက်အလက်ပေါင်းများစွာ ရရှိခဲ့သည်ဟု ပြောဆိုခဲ့သည်။ [119]

အစိုးရက အသိအမှတ်ပြုသော လူသားချင်းစာနာသည့် မိုင်းရှင်းလင်းရေးအဖွဲ့အစည်းများမှ မိုင်းရှင်းလင်းသည့် လုပ်ငန်းများ မြန်မာနိုင်ငံတွင် မည်သည့်အခါမှ ပေါ်ပေါက်ခြင်း မရှိသေးပေ။

မကြာသေးမီနှစ်များအတွင်း တပ်မတော်၊ ရွာသားများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက ရံဖန်ရံခါ ၎င်းတို့နည်း ၎င်းတို့ဟန်ဖြင့် မိုင်းရှင်းလင်းခြင်းများ လုပ်သည်ဟူသောအစီရင်ခံမှုများ ရှိသည်။

## ၂၀၁၆ ခုနှစ်အတွင်း တိုးတက်မှုများ

ကရင်ပြည်နယ်တွင် မိုင်းရှင်းလင်းခြင်းများ လုပ်ဆောင်နေသည်ဟု တပ်မတော်ကထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၁၆ခုနှစ်စက်တင်ဘာလတွင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လွှတ်တော်သို့ တင်ပြရာတွင် " ကရင်ပြည်နယ် အတွင်းရှိ သုမွဲကလိုး၊ဖာပွန်၊ ခေါ်ပုတ်၊ နတ်တောင် နှင့် ဒါးဂွင်နေရာများတွင် လူသားချင်းစာနာသော မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့် အတူတကွ လုပ်ဆောင်နေကြောင်း" ပြောဆိုခဲ့သည်။[120]

ကရင်ပြည်နယ် ဘားအံ့မှ ဖာပွန် အထိ စစ်သုံးလမ်းအတွက် မိုင်းရှင်းလင်းခြင်းကို တရုတ်နိုင်ငံမှ လေ့ကျင့်ပေးသော စစ်သားများဖြင့် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။[121]

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် MAG ကယားပြည်နယ်အတွင်း NTS စမ်းသပ်လုပ်ငန်း စတင်ခဲ့သည်။ [122]

---

[118] Aksel Steen-Nilsen မှအီးမေး။ NPA, ရန်ကုန်, ၂၃ ဧပြီ ၂၀၁၅ နှင့် ၂၅ မေ ၂၀၁၅။ Melissa Andersson မှ အီးမေး, NPA, 2016.

[119] Greg Crowther, Regional Director South and South East Asia, MAG; မှ အီးမေး နှင့် Kelly Tsanova, Country Director, Myanmar, MAG မှ အီးမေး။ 6 October 2016.

[120] ၂၀၁၆ခုနှစ် ဩဂုတ်တွင် ကာကွယ်ရေးဒုဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လွှတ်တော်အစည်းအဝေးအတွင်းတုန့်ပြန်ပြောဆိုချက်တွင် ကရင်ပြည်နယအတွင်း မိုင်းရှင်းလင်းခြင်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်းပြောဆိုခဲ့သည်။““Amyotha Hluttaw passes maritime territory and sea boundaries law,” Global New Light of Myanmar, 26 August 2016.ထူးသန့် ။“တပ်မတော်ကရင်းသည်မြေမြုပ်မိုင်းကို ဖြစ်နိုင်သမ ျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

[121] Landmine Monitor interview with former military officer, 12 October 2016, Yangon. The precise date of the clearance is uncertain.

[122] Email from Josephine Dresner, Project Manager, MAG Myanmar, 22 August 2016.

## မိုင်းအန္တရာယ်လျော့ပါရေး ပညာပေးလုပ်ငန်းများ (RE)

လူမှုဖူလုံရေးဌာနသည် မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးခြင်းနှင့် နစ်နာခံရသူများအတွက် အကူအညီပေးခြင်း လုပ်ငန်းများကို အလေးထားဆောင်ရွက်မည့် နည်းပညာအလုပ်အဖွဲ့ ကို ပုံမှန်ကျင်းပခဲ့သည်။[123] UNICEF က တာဝန်ခံညှိနှိုင်းပေးခဲ့သည်။ ခန့်မှန်းချေ ဝန်ကြီးဌာနန ၃၀၊ UN အေဂျင်စီများနှင့် NGO များသည် လေးလတကြိမ် အစည်းအဝေးများ တက်ရောက်သည်။

၂၀၁၅ ခုနှစ်တွင် UNICEF သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ အတွင်း DCA မှ ဆောင် ရွက်ခဲ့သည့် အသိပညာ၊ စိတ်သဘောထား နှင့် လက်တွေ့ကျင့်စဉ် (KAP) စစ်တမ်းမှ ရရှိသော အချက်အလက်များကို အခြေခံ၍ ၂ နှစ်တာ လုပ်ငန်းစဉ်အတွက် အမျိုးသားမိုင်းအန္တာရာယ်လျော့ပါရေး ပညာရေးလုပ်ငန်း မဟာဗျူဟာကို ချမှတ်ခဲ့သည်။ DCA သည် UNICEF မှ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခဲ့သော စစ်တမ်းဖြစ်သည်။ ကယား၊ ကရင်၊ မွန်ပြည်နယ် အပြင် ပဲခူး နှင့် တနင်္သာရီတိုင်း ဒေသကြီးများအတွင်းရှိ နမူနာယူရွေးချယ်ထားသော ရွာ ၃၀ တွင် စစ်တမ်းကောက်ယူခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ စစ်တမ်း၏နောက်ဆုံးအစီရင်ခံစာ ထွက်ရှိခြင်း မရှိသေးပေ။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော ကနဦးတွေ့ရှိချက်များအရ ဖြေဆိုသူ ၅၃ ရာခိုင်နှုန်းသည် ၎င်းတို့ကျေးရွာ သို့မဟုတ် ရပ်ကွက်အနီးတဝိုက်တွင် ပေါက်ကွဲစေသောပစ္စည်းများရှိသည်ကို သိရှိကြောင်း နှင့် ၄၇ ရာခိုင်နှုန်းက ၎င်းပစ္စည်းများသည် ပြည်သူများ၏ နိစ္စဓူဝနေထိုင်မှုအတွက် ပြဿနာဖြစ်သည်ဟု ပြော ဆိုခဲ့ကြောင်း တွေ့ရှိခဲ့သည်။[124]

၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ အနည်းဆုံး အဖွဲ့ ၆ ဖွဲ့သည် ကချင်ပြည်နယ်၊ ကယားပြည်နယ် နှင့် ရှမ်းပြည်နယ်နှင့် ပဲခူးထိုင်းဒေသကြီး အရှေ့ဖက်ခြမ်းတွင် အဓိကထား၍ မိုင်းအန္တရာယ်လျော့ပါးရေးပညာရေး လုပ်ငန်းစီမံချက်များကို အဓိကဆောင်ရွက်ပြီး မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊တနင်္သာရီနှင့် ရန်ကုန်တိုင်းဒေသကြီးများ တွင် အနည်းငယ်ဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့အစည်း ၆ ဖွဲ့မှာ အကူအညီနှင့် ကယ်ဆယ်ရေးအသင်း (AAR)၊ ကက်သလစ်ကယ်ဆယ်ရေးအသင်းတော်၊ DCA၊ HALO နှင့် ကုလသမဂ္ဂဒုက္ခသည်များမဟာမင်းကြီး (UNHCR) အဖွဲ့များဖြစ်သည်။ အဖွဲ့အစည်းအများစုကို လုပ်ငန်းလက်တွဲဖော်များအဖြစ်သတ်မှတ်သည်။[125] ICRC လေ့ကျင်ပေး ထားသော National Society အဖွဲ့မှလည်း မိုင်းအန္တရယ်လျော့ပါးရေး ပညာပေးများ လုပ်ဆောင်ခဲ့ သည်။[126]

မိုင်းအရေးဆောင်ရွက်သူအများစု အားလုံးနီးပါးသည် မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးခြင်းကို နစ်နာသူများ အကူအညီပေးခြင်းနှင့် တခြားဝန်ဆောင်မှုများဖြင့် တွဲဖက်ဆောင်ရွက်သည်။[127]

တရားဝင်မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးခြင်းလုပ်ငန်းစဉ် မရှိသေးပေ။.[128] မိုင်းအန္တရာယ်လျော့ပါးရေး ပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း ဒေသခံပြည်သူများက ရှင်းလင်းရန်လိုအပ်သော အသက်

---

123 Email from Melissa Andersson, NPA, Yangon, 17 August 2016.

124 ""ဗဟုသုတ၊ သဘောထား & လက်တွေ့လုပ်ငန်း စစ်တမ်း: Impact of မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း မြေမြှုပ်မိုင်းနှင့်တခြားပေါက်ကွဲစေသော စစ်အတွင်းကြွင်းကျန်ရစ်သောပစ္စည်းများ၏ သတ်ရောက်မှုများ, First Findings, February 2013 – June 2014," DCA Knowledge, Attitude and Practice (KAP) team မှပေးပို့သည်။ ၄ ဇူလိုင် ၂၀၁၄။

125 "3W Countrywide Mine Action Organizations," UN Myanmar Information Management Unit (MIMU), September 2016. အဖွဲ့ခြောက်ဖွဲ့မှာ AAR, Catholic Relief Services, DCA, MAG, HALO, နှင့် UNHCR များဖြစ်သည်။ အများစုကို အကောင်အထည်လက်တွဲဖော်များ စာရင်းတွင် ထည့်သည်။ .

126 ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၅," p. 344.

127 Roger Fasth ၏ Landmine Monitor ၏ အန္တရာယ်လျော့ချရေးပညာပေးမေးခွန်းပုံစံကို တုန့်ပြန်ပြောဆိုချက်။, Operations Manager, DRC/DDG, 14 August 2015; by Nay Myo Linn, Project Officer, CRS, 16 August 2015; by Kelly Tsanova, Project Manager, MAG, 22 August 2015; and by Bjarne Ussing, Country Director, DCA, 12 October 2015.

128 မြန်မာနိုင်ငံ မိုင်းအရေးဆောင်ရွက်မှု စံသတ်မှတ်ချက်များအတွင်း တရားဝင်အသိအမှတ်ပြုမှု စံသတ်မှတ်ချက်များ။ သို့သော်အာဏာပိုင်များ၏ သဘောတူညီချက်မရသေး။ UNICEF သည် မိုင်းပညာပေးခြင်းဘုံသဘောတူလက်ခံနိုင်သည့် အချက်အလက်များ ပြုစုထားသည်။

အန္တရာယ်ရှိသည့် ပစ္စည်းများတွေ့ရှိကြောင်း သတင်းပို့ကြသည်။ သို့သော် မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းရေးအဖွဲ့များ မရှိသဖြင့် ထိုလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ပေ။[129]

DCA သည် ကချင်၊ ကယားကရင်၊မွန်၊ ရှမ်းပြည်နယ်၊ ဧရာဝတီ၊ပဲခူးအရှေ့ခြမ်း၊ စစ်ကိုင်း၊တန်သာရီ နှင့် ရန်ကုန်တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ် ၅၅ ခုတွင် အကြီးမားဆုံး မိုင်းပညာပေးအစီအစဉ်များ ရှိသည်။

HALO သည် ရှမ်းပြည်နယ်အတွင်းဂို မြို့နယ် ကိုးခု နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်သုံးခု တွင် မိုင်းပညာပေးခြင်းအစီအစဉ် အကောင်အထည်ဖေါ်ခဲ့ည်။ ကက်သလစ်ကယ်ဆယ်ရေးအသင်းတော်သည် ကချင်ပြည်နယ် အတွင်း မြို့နယ် လေးခု နှင့် ကရင်ပြည်နယ်အတွင်း မြို့နယ်သုံးခုတွင် မိုင်းပညာပေးအစီအစဉ်ကို အကောင်အထည် ဖေါ်ခဲ့သည်။[130]

MAG သည် ကယားပြည်နယ်ရှိ မြို့နယ် ၇ ခုစလုံးတွင် မိုင်းပညာပေးအစီအစဉ်များ ပြုလုပ်ခဲ့ပြီး၊ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကနဦးအချက်အလက်စုဆောင်းခြင်း နှင့် မိုင်းသင့်နေရာများ သတ်မှတ်ခြင်းများ စတင် ခဲ့သည်။ ၂၀၁၅ -၂၀၁၆ ခုနှစ်အတွင်း MAG မှ လူမှုအသိုင်းအဝန်း ၈၇ ခုအတွင်း နမူနာကောက်ယူမှုများအတရ လူမှုအသိုင်းအဝန်းအတွင်း မိုင်းများပျံ့နှံ့ရှိနေခြင်းသက်သေအထောက်အထားများ သို့မဟုတ် ထိုနေရာများသည် ယခင်က ရွာသားများအတွက် အသက်မွေးဝမ်းကြောင်းအလုပ်များဖြစ်သော စိုက်ပျိုးခြင်း၊တောလည်ခြင်း၊သို့မဟုတ် ရွာနီးစပ်ချုပ်သို့ခရီးသွားသည့် လမ်းမျှးဖြစ်သည်ကို တွေ့ရသည်။ ၂၀၁၅ ခုနှစ် သန်းခေါင်းစရင်းအရ နမူနာကောက်ယူသော လူဦးရေသည် ကယားပြည်နယ်အတွင်းရှိ လူမှုအသိုင်းအဝန်း၏ ၁၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ၂၀၁၅ခုနှစ်ဩဂုတ်လတွင် MAG သည် ပဲခူးအရှေ့ခြမ်း ကျောက်ကြီးမြို့နယ်အတွင်း မိုင်းပညာ ပေးခြင်းများ စတင်ခဲ့သည်။ [131]

UNHCR သည် ကယားပြည်နယ်အတွင်း မြို့နယ်သုံးခုတွင် မိုင်းပညာပေးခြင်းအစီအစဉ်ကို အကောင်အထည် ဖော်ခဲ့သည်။ AAR သည် ကရင်ပြည်နယ်မြို့နယ်တစ်ခုတွင် မိုင်းပညာပေးခြင်းအစီအစဉ် အကောင်အထည် ဖော်ခဲ့သည်။[132]

ICRC လေ့ကျင့်ပေးထားသော National Society မှ စေတနာ့ဝန်ထမ်းများသည် ကချင်ပြည်နယ်မှ မိုင်း/ စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲပစ္စည်းများ အန္တရာယ်ရှိသော ဒေသများအတွင်း နေထိုင်သူ ပြည်သူပေါင်း ၇၀၀ ကျော်အတွက် မိမိကိုယ်မိမိကာကွယ်ခြင်းနည်းလမ်းများ သင်ကြားပေးခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ICRC သည် လူသားချင်းစာနာသော မိုင်းရှင်းလင်းခြင်းအထောက်အကူအစီအစဉ်မှတဆင့် မိုင်းပျံ့နှံ့ခြင်းကိစ္စကို ဖြေရှင်းရန် တပ်မတော်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။[133]

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေးဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တပ်မတော်သည် မြေမြုပ်မိုင်းအန္တရာယ်အကြောင်း လူထုကိုပညာပေးခြင်းများ လုပ်ဆောင်နေသည်ဟု ပြောဆိုခဲ့သည်။[134]

၂၀၁၅ ခုနှစ်တွင် အလှူရှင် ၇ ဦးက ပြည်ထောင်စု မြန်မာနိုင်ငံ မိုင်းအရေးဆောင်ရွက်ရန်အတွက် ဒေါ်လာ၇.၈ သန်း လှူဒါန်းခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ ၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။[135]

---

129 ၂၀၁၅ ခုနှစ် အန္တရာယ်လျော့ချရေးပညာပေးမေးခွန်းပုံစံကို တုန့်ပြန်ပြောဆိုသော အန္တရာယ်လျော့ရေးပညာပေးသူတချို့က လူမှုအသိုင်းအဝန်းတချို့မှ မိုင်းရှင်းလင်းရေးအကူအညီတောင်းခံမှုများ ရှိသည်ဟု ပြောဆိုခဲ့သည်။

130 "3W Countrywide Mine Action Organizations," UN MIMU, September 2016.

131 Josephine Dresner, MAG Myanmar ထံမှ အီးမေး။ 22 August 2016.

132 "3W Countrywide Mine Action Organizations," UN MIMU, September 2016.

133 ICRC, "နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၅," p. 344.

134 ထူးသန့်။"တပ်မတော်ကရင်းသည်မြေမြုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

135 ဂျာမဏီမိုင်းအသုံးပြုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်၊ အခန်း၇ အစီရင်ခံစာ။ ပုံစံ J။ ဧပြီ ၂၀၁၆။ အိုင်ယာလန် သမာရိုးကျလက်နက်များပြုပြင်းနည်းဥပဒေ ၂၊ နှစ်ပတ်လည်အစီရင်ခံစာ။ ပုံစံ E။ နောက်ဆက်တွဲ ၁၊ ၃၁ မတ်၂၀၁၆။ ထပ်ဆင့်ပေါက်ကွဲစေစစ်လက်နက်ပစ္စည်းများ ဆွဲဇာလန်သဘောတူညီချက်။ အခန်း ၇ အစီရင်ခံစာ။ပုံစံ J. ၂၈ ဧပြီ ၂၀၁၆။ Monitor၏မေးမြန်းမှုကို Niels Peter Berg, Head of Section, Denmark Ministry of Foreign Affairs မှ ဖြေဆိုချက်။ 2 June 2016; နှင့် Frank Meeussen, Disarmament, Non-Proliferation and Arms Export Control, European External Action Service မှ အီးမေး၊ 30 September

ဆွစ်ဇာလန် နှင့် အမေရိကန်ပြည်ထောင်စုသည် အန္တရာယ်လျော့ချရေး ပညာပေး အစီအစဉ်နှင့် မိုင်းဒဏ်သင့်ခံရသူ အကူအညီအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄.၈ သန်း (စုစုပေါင်း အလှူငွေ၏ ၆၀ ရာခိုင်နှုန်းကျော်) ရှိခဲ့သဖြင့် အများဆုံးအလှူရှင်များ ဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း ရရှိခဲ့သော နိုင်ငံတကာအကူအညီများအားလုံးသည် ICRC နှင့် တခြား NGO များမှ တဆင့် အန္တရာယ်လျော့ချရေးပညာပေးလုပ်ငန်း သို့မဟုတ် မိုင်းဒဏ်သင့်သူ အကူအညီပေးရေး အတွက် အသုံးပြုခဲ့သည်။

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှုများ - ၂၀၁၅ ခုနှစ်** [136]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံ များ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| **ဆွစ်ဇာလန်** | အန္တရာယ်လျော့ချရေးပညာပေး ခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | CHF2,697,312 | 2,801,529 |
| **အမေရိကန်ပြည် ထောင်စု** | အန္တရာယ်လျော့ချရေးပညာပေး ခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | US$2,350,000 | 2,000,000 |
| **ဥရောပသမဂ္ဂ** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | €1,400,000 | 1,553,440 |
| **ဂျာမဏီ** | မိုင်းသင့်ဒဏ်အကူအညီ | €858,139 | 952,192 |
| ဒိန်းမတ် | အန္တရာယ်လျော့ချရေးပညာပေးခြင်း | DKK1,500,000 | 223,005 |
| **နော်ဝေ** | မိုင်းရှင်းလင်းခြင်း နှင့် စည်းရုံး တိုက်တွန်းခြင်း | NOK1,500,000 | 185,917 |
| **အိုင်ယာလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | € 70,000 | 77,627 |
| **စုစုပေါင်း** | | | 7,793,755 |

2016; Ingrid Schoyen, Senior Adviser, Section for Humanitarian Affairs, Norwegian Ministry of Foreign Affairs မှ အီးမေး၊ 24 May 2016; နှင့် Katherine Baker, Foreign Affairs Officer, Weapons Removal and Abatement, US Department of State, မှ အီးမေး။ 12 September 2016.

136 ၂၀၁၅ ခုနှစ်အတွက ယေဘုယျငွေလဲနှုန်း: DKK6.7263=US$1; €1=US$1.1096; NOK8.0681=US$1; CHF0.9628=US$1. US Federal Reserve, “List of Exchange Rates (Annual),” 4 January 2016.

၂၀၁၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ပေးသော နိုင်ငံတကာအကူအညီများသည် အတက်အကျ သိသိ သာသာ တွေ့ရသည်။ ၂၀၁၁ ခုနှစ်တွင် ဒေါ်လာ ၇ သိန်းအောက်တွင်သာရှိခဲ့ပြီး ၂၀၁၅ တွင် ဒေါ်လာ ၇.၈ သန်း အထိ မြင့်မားခဲ့သည်။

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၀ မှ ၂၀၁၅ အထိ** [137]

| နှစ် | နိုင်ငံတကာအကူအညီများ ($) |
|---|---|
| ၂၀၁၅ | 7,793,755 |
| ၂၀၁၄ | 5,723,910 |
| ၂၀၁၃ | 7,892,326 |
| ၂၀၁၂ | 8,503,756 |
| ၂၀၁၁ | 674,368 |
| **စုစုပေါင်း** | **30,588,115** |

## ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ခြင်း မူဝါဒ

*အကျဉ်းချုပ်။ သဘောတူစာချုပ်ကို* လက်မှတ်ရေးထိုးခြင်းမရှိသေးသော မြန်မာနိုင်ငံသည် ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ၏ လူသားချင်းစာနာသော ဆိုးကျိုးသက်ရောက် မှုများ ရှိခြင်းကို အသိအမှတ်ပြုခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ်အောက်တိုဘာလတွင် မြန်မာနိုင်ငံက တနိုင်ငံလုံး ငြိမ်းချမ်းရေးသဘောတူညီချက် ချုပ်ဆိုနိုင်ခြင်း မရှိသေးရွေ့ ၎င်းအနေဖြင့် သဘောတူခြင်းကို စဉ်းစား၍ မရသေးကြောင်း ပြောဆိုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော သဘောတူစာချုပ်အစည်းအဝေးသို့မြန်မာနိုင်ငံသည် သည် နောက်ဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။

ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လက်လွှဲ ပြောင်းခြင်း မရှိဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုသည်။ သို့သော် မြန်မာနိုင်ငံသည် ခေတ်မှီ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" ရှိကြောင်း နှင့် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ကချင်ပြည်နယ်တွင် အသုံးပြုခဲ့ကြောင်း စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့သည်။

### မူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခု မဟုတ်ပေ။ [138]

---

[137] Monitor အစီရင်ခံစာအဟောင်းများကိုကြည့်။

ယခင်ကာလများတွင် မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများကြောင့် လူသားချင်းစာနာမှု သတ်ရောက်ခြင်းအပေါ် စိုးရိမ်ချက်များ ဖော်ထုတ်ပြောဆိုသော်လည်း သဘောတူ လက်မှတ်ထိုးခြင်းနှင့် ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖေါ်ပြောဆိုခြင်း မရှိသေးပေ။[139]

၂၀၁၅ ခုနှစ်အောက်တိုဘာလတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်များသည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ လက်နက်ဖျက်သိမ်းရေး နှင့် နိုင်ငံတကာလုံခြုံရေး ပထမကော်မတီသို့ ၎င်း၏ လက်နက်ကိုင်တပ်များသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်များကို မည်သည့်အခါမှ မသုံးကြောင်း တင်ပြခဲ့သည်။

"ကျနော်တို့ တိုင်းပြည်၏ လက်မှတ်ရေးထိုးခြင်း (ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ သဘောတူစာချုပ်) ကို တနိုင်ငံလုံး ငြိမ်းချမ်းရေးသဘောတူစာချုပ် ရေးထိုးနိုင်ပြီးသည့်အချိန် နိုင်ငံရေး၊စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ထည့်သွင်းစဉ်းစားပြီးမှသာ စဉ်းစားနိုင်မှာ ဖြစ်ပါတယ်။" [140]

> ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် UNGA၏ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများသဘောတူစာချုပ် ဆိုင်ရာ ဆုံးဖြတ်ချက်တွင် မဲမပေးပဲ ကြားနေနေခဲ့သည်။ စာချုပ်ပြင်ပတွင်ရှိနေသော နိုင်ငံများကို အမြန်ဆုံး ပူးပေါင်းပါဝင်ကြရန် အကြံပြုခဲ့သည်။[141]

မြန်မာနိုင်ငံသည် မည်သည့်အတွက်ကြောင့် စည်းနှောင်မှုမရှိသော ဆုံးဖြတ်ချက်အတွက် မဲမပေးပဲ နေခဲ့ခြင်းကို ရှင်းလင်းပြောဆိုခြင်းမရှိခဲ့ပေ။ ထိုဆုံးဖြတ်ချက်ကို စာချုပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃၉ နိုင်ငံက ထောက်ခံမဲပေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလိုအစည်အဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

၂၀၁၀ နှင့် ၂၀၁၂ ခုနှစ် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည်ပုံမှန် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် ဂျနီဗာတွင် ကျင်းပသော သဘောတူစာချုပ်ပါ ကဏ္ဍစုံအစည်းအဝေးသို့ တကြိမ် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် လေ့လာသူအဖြစ် ဖိတ်ကြားခံရသော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ခရိုအေးရှားနိုင်ငံ၊ဘူဘရိုနစ်တွင် ကျင်းပသော ပထမအကြိမ်ပြန်လည်သုံးသပ်ခြင်းကွန်ဖရင့်သို့တက်ရောက်ခဲ့ခြင်း မရှိပေ။

မြန်မာနိုင်ငံသည် မိုင်းအသုံးပြုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် သို့မဟုတ် သမာရိုးကျလက်နက်များ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံမဟုတ်ပေ။

ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း၂၀၀၉ ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင်၎ျသို့ ပြောဆိုခဲ့သည်။ "မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ၊ ဖွံ့ဖြိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊

---

138 စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစု နှင့် နိုင်ငံအများစုက Burma ဟူသော အမည်ကိုသာ ပိုနှစ်သက်ကြသည်။

139 မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၃၀ အောက်တိုဘာ ၂၀၁၃။ မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGAပထမကော်မတီအစည်းအဝေး။ နယူးယောက်။ ၁ နိုဝင်ဘာ ၂၀၁၂။

140 မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

141 "Implementation of the Convention on Cluster Munitions," UNGA Resolution 70/54, 7 December 2015.

ထိန်းသိမ်းခြင်း၊ တခြားသူတစ်ဦးထံ တိုက်ရိုက်သို့မဟုတ် သွဲဝိုက်၍ လွှဲပြောင်းခြင်း၊ သို့မဟုတ် ကူညီခြင်း၊ ဤသဘောတူညီချက်အရ တားမြစ်ထားသော လုပ်ငန်းများကို တခြားတဦးဦးအား လုပ်ဆောင်ရန် အားပေးခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ပါ။"[142] ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းအား " အထိန်းအကွပ်မရှိ နေရာအနှံ့သတ်ရောက် စေသော လက်နက်များ .......လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုး သတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များ။" ဟု မြန်မာနိုင်ငံက ပြစ်တင် ဝေဖန်ခဲ့သည်။[143]

၂၀၁၅ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံများကို ၎င်းသည် လက်နက်ကိုင်ပဋိပက္ခ၏ လိုက်နာရမည့်ဥပဒေနှင့် အခြေခံစည်းမျဉ်းများကို လိုက်နာကြောင်း တင်ပြခဲ့သည်။ "မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် စစ်ဆင်ရေးများတွင် တိတိကျကျလိုက်နာကြသည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများကို မည်သည့်စစ်ဆင်ရေးတွင်မှ အသုံးပြုခဲ့ခြင်းမရှိပေ။" [144]

## *ယခင်ကာလ စွပ်စွဲပြောဆိုမှုများ*

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက် "Cluster adapter" တစ်ခု လက်ဝယ်ရရှိခဲ့ပြီး၂၀၁၂ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်း မြောက်ပိုင်းဒေသ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တပ်မတော် တိုက်ပွဲများ တွင် အသုံးပြုခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သည်။ [145] အဆိုပါလက်နက်သည် ခေတ်မှီထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်နှင့် ပုံစံတူသည်။

ဂန်းဒုံရမ်တွင် တပ်ဆွဲထားသော အစိုးရတပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကချင်ပြည် တောင်ဖက်ခြမ်း လိုင်ဇာအနောက်ဖက် ၅ မိုင်အကွာတွင် ရှိသော မဟာဗျူဟာအရ အရေးပါသည့် ခါယာဘန် တောင်ကုန်း တိုက်ခိုက်မှုတွင် KIA တပ်ဖွဲ့များအား ထပ်ဆင့်ပေါက်ကွဲ လက်နက်များနှင့် တိုက်ခိုက်ခဲ့သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။[146] ကချင်အမျိုးသား ကောင်စီ တွဲဖက်အတွင်းရေးမှူးက CMC ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် လေယာဉ်ပေါ်မှ ကြဲချသော အမျိုးအစားမသိပုံး ဓါတ်ပုံထုတ်ပြခဲ့ပြီး၊ ဒုတိယကမ္ဘာစစ် အတွင်း အသုံးပြုခဲ့သော ပေါင် ၂၀ လေးသည့် ဖြန့်ထွက်ပုံးများ ဖြစ်သည်ဟု အတည်ပြုခဲ့သည်။ ၎င်းပုံးများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့ မြန်မာတပ်မတော် (လေ) မှ KIA မဟာဗျူဟာကျသော ရှေ့တန်းစခန်းများကို လေကြောင်း တိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သည်။ ကချင်အမျိုးသား ကောင်စီ၏ အဆိုအရ "မြန်မာနိုင်ငံ ပြည်တွင်းစစ်တွင် အရင်က တခါမှ အသုံးပြုခဲ့ခြင်း မရှိသော ပုံး အမျိုးအစား" ဖြစ်ကြောင်း ပြောဆိုသည်။'' [147]

အလားတူပုံးအစများကို တိုက်ပွဲဖြစ်သည့်နေရာမဟုတ်သော နေရာတခုသို့ ကားဖြင့်သယ်ဆောင် သွားသည့် ဓါတ်ပုံများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က လက်ခံရရှိခဲ့သည်။ [148] HRW သည် ၂၀၁၂ ခုနှစ်

---

[142] ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

[143] Ibid.

[144] မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

[145] There မြန်မာအစိုးရစစ်တပ်သည် ဖြန့်ထွက်ပုံးခြောက်လုံးတပ်ဆင်ခဲ့ပြီး လေယာဉ်ပေါ်မှ ကြဲချသည့်အချိန်တွင် ပုံးချိတ်တွဲမှ သီးခြားခွဲထွက်သည်ဟူသော သက်သေများ ရှိသည်။

[146] ''လိုင်ဇာအနီး KIO အဓိကစခန်းအား သိမ်းယူရန် အစိုးရစစ်တပ်သည် ထပ်ဆင့်ကွဲပုံးများ အသုံးပြုခဲ့သည်။ ကချင်သတင်းအဖွဲ့၊ ၂၆ ဇန် ၂၀၁၃။

[147] ကချင်အမျိုးသားကောင်စီတွဲဖက်အတွင်းရေးမှူး ခွန်ထွန်မှပေးပို့သော အီးမေးတွင်ပါသော ဓါတ်ပုံများ။ ၉ ဧပြီ ၂၀၁၃။

[148] ဘာတေးလင့်တနာထံမှ အီးမေး၊၂၅ မတ် ၂၀၁၃

ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာကို လေကြောင်း တိုက်ခိုက်မှု လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ [149] မြန်မာအစိုးရက နောက်ပိုင်းတွင် လိုင်ဇာကို ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း ဝန်ခံခဲ့သည်။[150]

ဓါတ်ပုံတွင် မြင်တွေ့ရသည့် "ထပ်ဆင့်ပေါက်ကွဲပုံစံတူ" နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံး များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။ [151]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲ ပုံစံများ ပါမပါတော့ မသိနိုင်ပေ။ [152]

[149] HRW သည် ၂၀၁၃ ခုနှစ် ဇန် ၁၄ ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ အရပ်သား ၃ ဦး သေဆုံးခဲ့သည်။ HRW သတင်း ထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း မဆင်မခြင် တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

[150] HRW မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ထုတ်ပြန်ချက်အရ "မြန်မာအစိုးရက လိုင်ဇာသို့ ဗုံးကြဲခြင်းကို အစိုးရပြောရေးဆိုခွင့်ရှိသူ ရဲထွင့်က ဇန်နဝါရီ ၁၄ တွင် ငြင်းဆိုခဲ့သည်။ ၎င်းမတိုင်ခင် ရက်သတ္တပတ်တွင်လည်း သမ္မတရုံးက KIA အား ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့် လေကြောင်း တိုက်ခိုက်မှု မရှိကြောင်း တရားဝင်ငြင်းဆိုခဲ့သည်။ သို့သော် တိုက်ခိုက်မှု ဗွီဒီယိုဖိုင်သတင်းအစီရင်ခံစာများထွက်ပြီးနောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။" HRWသတင်းထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ကချင်ပြည်နယ်အတွင်း မဆင်မခြင်တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

[151] ဓါတ်ပုံတွင်မြင်တွေ့ရသော ဗုံးချိတ်တံများသည် အမေရိကန်ထုတ် M1တပ်ဆင့်ပေါက်ကွဲလက်နက်နှင့်ဆင်တူသည်။ ဖြန့်ထွက်ဗုံး အသေးများသည် ခေါက်မှိုပံစံများဖြစ်ပြီး ဒုတိယကမ္ဘာစစ်သုံစစ်လက်နက်ပစ္စည်းများကပိုကောင်းသည်။အမည်မဖေါ်လိုသူစစ်သားတဦးက ၎င်းလက်နက်ကိုမြန်မာပြည်တွင်ထုတ်သည်ဟု အတည်ပြုသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ၎င်းလက်နက်များ သုံးသည်ဟု လည်းစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။။။

[152] ""မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။၊၂၀ မတ်လ ၂၀၁၄။ လှဦး၏ မြန်မာ့တပ်မတော်၏MRLSသို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃၊မတ် ၂၀၁၄။